ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆော တလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday 25 January 2019 ၉၅၄၂

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား အထူးဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ပြီး ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က **"နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်"**ဟု ၂၀၀၈ ခုနှစ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

> **"နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးလိုအပ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အခွန်စနစ်ကို ကောင်းမွန်လာရန်နှင့် အခွန်ယဉ်ကျေးမှုထွန်းကားလာစေရန် ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိ"**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသူများ၏ပညာသင်ကြားသင်ယူနေမှု ကြည့်ရှုအားပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ပန်းဘဲတန်း) KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသူလေးများရေးဆွဲထားသည့် ပန်းချီများကို ကြည့်ရှုစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးမေးမြန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KG တန်းမှ ကျောင်းသူလေးများ၏ ပညာသင်ကြားသင်ယူမှုနှင့် ကျောင်းသူလေးများ ကိုယ်တိုင်ဆန်းသစ်တီထွင် ဖန်တီးထားသည့် ပန်းချီနှင့် စက္ကူအရုပ်မျိုးစုံတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပထမတန်း၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ပြည်ထောင်စုကြီးဖွံ့ဖြိုးရေး လက်တွဲကြိုးပမ်း

ဒေသတစ်ခု လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံကျသည့်အချက်မှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ပြီး ဒေသခံပြည်သူများ၏ ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ တိုးတက်ကာ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လျှပ်စစ်မီးရရှိခြင်းဖြင့်လည်း အလားတူ လူမှုဘဝများ မြင့်မားတိုးတက်လာမည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံကာ လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည်။ တိုင်းဒေသကြီးများသာမက ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်များပါမကျန် လျှပ်စစ်ဓာတ်အားရရှိရေးကို အလေးထားဆောင်ရွက်နေသည်။ မကြာသေးမီက ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများတွင်လည်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်သည်မှာ ထူးခြားမှုများပင် ဖြစ်သည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားများ ရရှိစေရန် ထိုဒေသများအတွင်း ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပုဏ္ဏားကျွန်းမြို့နယ်မှ မောင်တောမြို့နယ်တစ်လျှောက်တွင် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သိရှိရသည်။

၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့မှစတင်၍ ရသေ့တောင်ဓာတ်အားခွဲရုံမှ ရသေ့တောင်မြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၁၅၃၀ ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှစတင်၍ ဘူးသီးတောင်ဓာတ်အားခွဲရုံမှ ဘူးသီးတောင်မြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၃၃၇၄ စုကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှစတင်၍ မောင်တောမြို့ပေါ်သို့လည်းကောင်း နိုင်ငံတော်၏ ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ ထို့အပြင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့လည်း လျှပ်စစ်ဓာတ်အားများ စတင်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပုဏ္ဏားကျွန်းမှ မောင်တောအထိ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးနိုင်ပြီဖြစ်သည်။

၆၆ ကေဗွီဓာတ်အားရှိသော ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် အဆိုပါ ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းကို စီမံကိန်းလက်ကျန်ပစ္စည်းများဖြင့် လျှပ်စစ်ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းစုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်ငွေ ၂၀ ဘီလီယံခန့်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများအား နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် မိသားစုစိတ်ထား၍ စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေချိန်တွင် နယ်မြေဒေသလုံခြုံမှုအား ဖျက်ဆီးလိုသူများက နှောင့်ယှက်လျက်ရှိနေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ အခက်အခဲများကြားမှ မဖြစ်မနေ ဆောင်ရွက်ပေးနေသည်ကို တိုင်းရင်းသားပြည်သူများ သိရှိနားလည်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး၏ ဘဝလုံခြုံစိတ်ချရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူအားလုံးမှာ တစ်မိသားစုတည်းဖြစ်သည်ဟူသော မိသားစုစိတ်ထားဖြင့် ဆောင်ရွက်နေခြင်းဖြစ်၍ မိသားစုပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(**ယာပုံ**)

တွေ့ဆုံစဉ် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်နေမှု၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ National Action Plan (မူကြမ်း) ကို ဒုတိယသမ္မတဦးစီး၍အလေးထားဆောင်ရွက်နေမှု၊ ILO နှစ် ၁၀၀ ပြည့်အခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ စက်ရုံအလိုက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)များဖွဲ့စည်းကာ လုပ်ငန်းခွင်အတွင်း ဖြေရှင်းနိုင်ရေး မိမိကိုယ်တိုင်ကွင်းဆင်း၍ ဦးစားပေးဆောင်ရွက်လျက်ရှိမှု၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ပြောစကားများ လက်ခံစဉ်းစားပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားနှင့်ပတ်သက်၍ ILO၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စ၊ အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအစီအစဉ်အောက်တွင် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်ကို ILO မှ ရေးဆွဲပေးပြီး အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီတွင် ဆွေးနွေးညှိနှိုင်းကာ ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines ထံ ပေးအပ်သွားမည့်ကိစ္စ စုပေါင်းအငြင်းပွားမှုနှင့် တစ်ဦးချင်းအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များအပေါ် ဥပဒေကို ပြန်လည်ဖြည့်စွက်ပြင်ဆင်သွားမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျာမန်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျာမန်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (GIZ)တို့အကြား အားလုံးပါဝင်နိုင်၍ တည်ငြိမ်သောဘဏ်လုပ်ငန်းစနစ်ဖွံ့ဖြိုးရေး၊ အထောက်အကူပြုရေးနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်မိုးမိုးနှင့် GIZ မှ Head of Program, Mr. Armin Hofmann တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး အသိပညာပေးဟောပြော

**ကျောက်ထု ဇန်နဝါရီ ၂၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မင်းကြည့်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်းသီးနှံများစိုက်ပျိုးကြရာ အထွက်နှုန်းကောင်း၍ အောင်မြင်စွာစိုက်ပျိုးနိုင်စေရေး၊ စိုက်ပျိုးရေးနည်းစနစ်နှင့် ပိုးမွှားများကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မြင့်က ဆောင်းသီးနှံများ စိုက်ပျိုးကြရာတွင် သဘာဝမြေသြဇာကိုအသုံးပြုလျက် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုကြရန် ရှင်းလင်းဟောပြောသည်။

"ကျောက်ထုဒေသမှာ ဆောင်းသီးနှံအဖြစ် ယခုနှစ်မှာ မြေပဲကို စိုက်ပျိုးကြပါတယ်။ တောင်သူတွေ လွယ်လွယ်ကူကူ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဌာနက တစ်ဧကကို မကွေး(၁၆) မြေပဲမျိုး ခြောက်တင်းနှုန်းနဲ့ ဧက ၆၀ အတွက် အခမဲ့ဖြန့်ဝေပေးထားပါတယ်။ ဖြစ်ထွန်းလာတဲ့ မြေပဲသီးနှံတွေကို လာမယ့် စိုက်ပျိုးရာသီအတွက် မျိုးမြေပဲအဖြစ် ထားရှိပြီးတော့ တိုးချဲ့စိုက်ပျိုးသွားကြမှာဖြစ်ပါတယ်"ဟု ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးတင်မောင်မြင့်က ပြောသည်။

ဟောပြောပွဲသို့ ဒေသခံတောင်သူ ၆၅ ဦး တက်ရောက်ကြပြီး သိရှိလိုသည့် နည်းပညာများကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၀၀၀ - ၁၀၅၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၅/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၅/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၉၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၄၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၅၀၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၅၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၂၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၁.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✻ ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် အတိအလင်းဖော်ပြပါရှိထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် သဘာဝ သယံဇာတများအပေါ်တွင် မှီခိုခြင်းမဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားများ၏ တာဝန်သိမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ရောင်ပြန်ဟပ်သည့် အခွန်အကောက်များကို အမှီပြုမှသာ တည်ငြိမ်တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း အခွန်ယဉ်ကျေးမှုတစ်ရပ် ပိုမိုဖြစ်ထွန်းစေရေးကို ဦးတည်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူကိုဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီးပွားရေးမူဝါဒများကို ချမှတ်ခဲ့ပါကြောင်း၊ ထိုသို့ ချမှတ်ခဲ့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒသီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်တို့ကို ထည့်သွင်းချမှတ်ထားပါကြောင်း။

## ငွေကြေးလည်ပတ်မှုမှန်ကန်

ထို့အပြင် အခွန်စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေရန် အကျိုးလည်း ရှိ၊ မျှလည်းမျှတစေမည့် အခွန်စနစ်ထူထောင်ပြီး ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်လည်း ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကောက်ခံခြင်းမဟုတ်ဘဲ ညီညွတ်မျှတသည့် အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်ပြီး ငွေကြေးလည်ပတ်မှုမှန်ကန်စေရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ထူထောင်နိုင်ရေးတွင် ဘဏ္ဍာငွေကြေးသည် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးလိုအပ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အခွန်စနစ်ကို ကောင်းမွန်လာရန်နှင့် အခွန်ယဉ်ကျေးမှုထွန်းကားလာစေရန် ရေရှည်ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် မျှတပြီး ပွင့်လင်းမြင်သာသော၊ စွမ်းရည်လည်း ပြည့်ဝသည့် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှုတိုးမြှင့်ရေးလုပ်ငန်းစဉ်ကို ချမှတ်ပြီး ဘဏ္ဍာငွေအရင်းအမြစ်များတိုးမြှင့်လာစေရန် ရည်ရွယ်ထားပါကြောင်း။

အခွန်စနစ်တစ်ခုတွင် ရိုးသားဖြောင့်မတ်မှန်ကန်မှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိရန် လိုအပ်ပါကြောင်း၊ ခေတ်မမီတော့သည့် အခွန်ဥပဒေများ၊ ဟောင်းနွမ်းနေသည့် လုပ်နည်းကိုင်နည်းများ၊ လူသားအရင်းအမြစ်ဖြစ်သော အခွန်ဝန်ထမ်းများ၏ အရည်အချင်းနှင့် စိတ်ဓာတ်များကို တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲနေကြခြင်း ဖြစ်ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုတွင် ပူးပေါင်းပါဝင်နေကြသည့် အခွန်ထမ်းပြည်သူများ၏ အားထုတ်ကြိုးပမ်းမှုများသည် မြန်မာနိုင်ငံ အခွန်စနစ်အတွက် သမိုင်းတွင်ကျန်ရစ်မည်ဖြစ်သည်ကိုလည်း ပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်ကြီးများသည် မိမိတို့အကျိုးအတွက် စီးပွားရှာကြသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အပံ့ပြုနေကြသည့် တာဝန်သိ၊ တာဝန်ကျေပွန်သော အခွန်ထမ်းပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့်အတွက် နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ပြုသင့်၍ ချီးကျူးဂုဏ်ပြုရခြင်း ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် ဗဟိုချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကကဏ္ဍဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းစီမံဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိနေသော်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ မှန်ကန်သော အခွန်ပေးဆောင်မှုများနှင့် နိုင်ငံတော်၏အသုံးစရိတ်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေခြင်းသည် အင်အားတစ်ရပ်ကို ဖြစ်ပေါ်စေပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများထည့်ဝင်ထားသောအခွန်အကောက်ရရှိငွေများကို ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ထိထိရောက်ရောက် သုံးစွဲရေး၊ အလေအလွင့်မရှိအောင် စီမံခန့်ခွဲရေးဆိုသည့် ဦးစားပေးလုပ်ငန်းများနှင့်အညီ အကျိုးရှိအောင် စိစစ်သုံးစွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတက်ရောက်လာကြသူများအပါအဝင် အခွန်ထမ်းပြည်သူများအားလုံးကို နိုင်ငံတော်အစိုးရအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

## သယ်ပိုးရွက်ဆောင်နိုင်ကြပါစေ

အခွန်ထမ်းလုပ်ငန်းရှင်ကြီးများနှင့်တကွ အခွန်ထမ်းပြည်သူများအနေဖြင့် နောင်နှစ်များတွင်လည်း စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ကြပါစေ၊ ပေးဆောင်သင့် ပေးဆောင်ထိုက်သော အခွန်ငွေများကိုလည်း မှန်မှန်ကန်ကန်ပေးဆောင်ပြီး နိုင်ငံတော်အကျိုး၊ မိမိအကျိုး အချိုးကျမျှတစွာ သယ်ပိုးရွက်ဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အထိ ၇ နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား အထူးဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့်** ကမ္ဘောဇဘဏ်လီမိတက်မှ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်း၊ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အထွေထွေအုပ်ချုပ်ရေးရာ ဌာနကြီးမှူး ဦးမင်းဇော်၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ယမကာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ Executive to Chairman ဒေါ်မြပွင့်ဖြူ၊ ရေဝတီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာ့စပျစ်နှင့် အဖျော်ယမကာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြဝတီထရေးဒင်းလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်စိုးနှင့် မြန်မာ့ဩဘာအုပ်စုကုမ္ပဏီလီမိတက်မှ Head of Corporate Affairs and Special Projects ဖြစ်သူ ဦးအောင်ဆွေတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက **၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော** မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့် ဒန်ကို ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဝဏ္ဏခိုင်၊ စီးတီးမတ်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်မှ အမှုဆောင်အရာရှိချုပ် ဒေါ်ဝင်းဝင်းတင့်၊ အပြည်ပြည်ဆိုင်ရာ အဖျော်ယမကာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ပူးတွဲဥက္ကဋ္ဌ ဦးအောင်မိုးကျော်၊ ပီတိစွမ်းအားထရေးဒင်း ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဆွေ၊ အာရှစွမ်းအင်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်ဝေ၊ ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းဇော်၊ ကျော်စံကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဇွဲဇာနည်ကျော်၊ ရောဟသံာရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်၊ ပစ္စည်းမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးမောင်ကျေးနှင့် ဘန်ဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်အောင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော** မြန်မာကုမ္ပဏီလုပ်ငန်းရှင်များဖြစ်ကြသည့် ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးလှမင်းတူ၊ ရွှိုင်ရယ်ကလပ်ဘီး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

ဘရေဲ့ချ်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးဇော်ဝင်း၊ လင်းလက်ဝင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းကြည်၊ ရတနာတောင်တန်းကျောက်မျက်ကုမ္ပဏီ လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်၊ ရောင်နီအရက်ချက်လုပ်ငန်းမှ စက်ရုံမှူး ဦးကျော်မင်းလွင်၊ အက်စ်အမ်အမ်ရွှေမြန်မာအဖျော်ယမကာကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ရွှေ၊ ဝေအောင်ကမ္ဘာကျောက်မျက်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်နွေးနွေးလှိုင်၊ ဂလုပ်တိုဘက်ကိုးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအောင်ကျော်ဦး၊ ကံပွင့်ဦးကျောက်မျက်ရတနာကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မွေးခရေနှင့် ဖြိုးသီဟကျော် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိန်ဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော** ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများဖြစ်ကြသည့် Moattama Gas Transportation Co.,Ltd မှ General Manager ဖြစ်သူ Mr. Romaric Roignan, Telenor Myanmar Ltd မှ Chief Executive Officer ဖြစ်သူ Mr. Sharad Mehrota, Taninthayi Pipeline Company LLC မှ Head of Finance ဖြစ်သူ Uqba Jamshaid Iftikhar, Myanmar Brewery Ltd မှ Managing Director ဖြစ်သူ Mr. Hideki Mitsuhashi နှင့် KDDI Summit Global Myanmar Co.,Ltd မှ Chief Financial Officer ဖြစ်သူ Mr. Junji Nakayama တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော** ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများဖြစ်ကြသည့် Telenor Myanmar Ltd မှ Chief Financial Officer ဖြစ်သူ Ms. Caroline Yin Yin Htay, Ooredoo Myanmar Ltd မှ Chief Executive Officer ဖြစ်သူ Mr. Vilran Sinha, Myanmar Brewery Ltd မှ Deputy Managing Director ဖြစ်သူ U Soe Kyaw Thu, Shwe Li(1) Hydropower Co.,Ltd. မှ စက်ရုံမှူး ဦးဇော်ဝင်းထွန်းနှင့် Virginia Tobacco Co.,Ltd မှ Chairman ဖြစ်သူ ဦးမြင့်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက **၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့ကြသော** ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီများဖြစ်ကြသည့် Myanmar Brewery Ltd မှ Corporate Communication Manager ဖြစ်သူ ဦးမိုးဇော်ဦး၊ Virginia Tobacco Co.,Ltd မှ Chairman ဖြစ်သူ ဦးမြင့်ဦး၊ Myanmar Distillery Co.,Ltd. မှ Co-Chairman ဖြစ်သူ ဦးအောင်မိုးကျော်၊ Heineken Myanmar Ltd မှ Finance Director ဖြစ်သူ Mr. Shankar Romalingam နှင့် Myanmar Carlsberg Co., Ltd မှ Corporate Communication & CSR Manager ဖြစ်သူ Daw Han Su Tin တို့အား ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့ကြသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ဝင်ငွေခွန်အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း၊ အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့ကြသော ပုဂ္ဂလိကပိုင် နိုင်ငံခြားကုမ္ပဏီလုပ်ငန်းရှင်များနှင့် လည်းကောင်း စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၇ - ၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံး ပေးဆောင်ခဲ့သူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသည့် ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးစိုးဝင်းနှင့် ဦးဟန်ဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးလှကျော်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❂ **ဒုတိယသမ္မတမှ**

လှည့်လည်ကြည့်ရှုရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ခေတ်မီနည်းစနစ်များအသုံးပြု၍ ရေငန်ပုစွန်များမွေးမြူထားရှိမှု၊ အထွက်နှုန်း၊ ဈေးကွက်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**လိုက်နာဆောင်ရွက်ကြရန်လို**

ယင်းနောက် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး ယခုလုပ်ငန်းသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ ရှေ့ပြေးလုပ်ငန်း(Pilot Project)တစ်ခုဖြစ်သောကြောင့် အောင်မြင်အောင် ဆောင်ရွက်ရန် ကြိုးပမ်းကြစေလိုပါကြောင်း၊ အောင်မြင်ပြီး တိုးချဲ့နိုင်သည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ဇီဝလုံခြုံရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရေငန်ပုစွန်များ စနစ်တကျ မွေးမြူထားရှိမှုနှင့် မွေးမြူထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် သဘော်ကျင်းလုပ်ငန်း၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်းနှင့် ငါးပုစွန်အအေးခန်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်က ကဏန်းပျော့မွေးမြူရေးလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ ကုမ္ပဏီမန်နေဂျာ ဦးသန့်စင်က သဘော်ကျင်းလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ကုမ္ပဏီ ဒါရိုက်တာ ဒေါ်မြတ်သီရိခိုင်က သစ်အချောထည်လုပ်ငန်း အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကူညီဆောင်ရွက်ပေးရန် မှာကြား**

ဒုတိယသမ္မတက ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် အလေးထားဆောင်ရွက်ရန်နှင့် ကုမ္ပဏီ၏လုပ်ငန်း လုပ်ဆောင်မှုများမှတစ်ဆင့် ဒေသခံကျေးရွာများ၏ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အကျိုးပြုခြင်း၊ တာဝန်ခံခြင်းနှင့် အပြုသဘောဆောင်သော ရလဒ်များ ဖြစ်ပေါ်လာရေးတို့ကို ကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ပင်းအို



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို လေ့လာကြည့်ရှုစဉ်။

ကျေးရွာအုပ်စု ငါးအင်းကျေးရွာရှိ ခရမ့်ရော်ဘာစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းရှိ ရှင်းလင်းဆောင်တွင် ဖိုးလမင်းရော်ဘာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဖိုးစိန်က စက်ရုံဆိုင်ရာအချက်အလက်များ၊ ရော်ဘာထုတ်လုပ်နိုင်မှု၊ ဈေးကွက်အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းချက်များအပေါ် ခရမ့်ရော်ဘာစက်ရုံမှ ထုတ်လုပ်သော ထုတ်ကုန်များသည် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် သမုတ်-လွတ်လွတ်တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းမြင့်မွန်က တိုင်းဒေသကြီးအတွင်း တံတားစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက သမုတ်-လွတ်လွတ်တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းပြီးစီးမှု၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက သမုတ်-လွတ်လွတ်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အရည်အသွေးစီမံခန့်ခွဲမှုစနစ် (၅)ချက်အတိုင်း အပြည့်အဝလိုက်နာ ဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

**သတင်းစဉ်**



**လေ့လာကြည့်ရှု**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် သစ်အချောထည်လုပ်ငန်းကို လေ့လာကြည့်ရှုစဉ်။

✻ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်း စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသူလေးများ၏ လက်ရှိ ပညာသင်ကြား သင်ယူမှုအခြေအနေများ၊ ၎င်းတို့၏ ဝါသနာနှင့် အနာဂတ်ပန်းတိုင် ရည်မှန်းချက်များကို ရင်းရင်းနှီးနှီးမေးမြန်းသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသူလေးများ၏ ဝါသနာနှင့် အနာဂတ်ပန်းတိုင်ရည်မှန်းချက်များကို ရင်းရင်းနှီးနှီး မေးမြန်းစဉ်။ (ဓာတ်ပုံ-ဘိုဘို)

**ကြိုးစားသင်ယူ**

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလွတ်ကျက်ပညာရေးထက် တတ်သိနားလည်အောင် ကြိုးပမ်းသင်ကြားရေး၊ အားနည်းသည့်ဘာသာရပ်များကို ကိုယ်ကိုယ်တိုင်သိမြင်ပြီး ပြုပြင်ကြိုးစားအားထုတ်ရေး၊ အင်္ဂလိပ်စာဘာသာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ရေး၊ ဉာဏစွမ်းရည်သာမက ကာယစွမ်းရည်ပါ တိုးတက်ရေးအတွက် ကာယသင်တန်းများကို အစုအဖွဲ့ဖြင့် စည်းလုံးညီညွတ်စွာ လေ့ကျင့်ကစားနိုင်ရေး၊ အနာဂတ်တွင် တက္ကသိုလ်ပညာရပ်သာမက အသက်မွေးဝမ်းကျောင်းပညာရပ်များကိုပါ ဝါသနာအလျောက် တက်လှမ်းနိုင်အောင် ကြိုးစားသင်ယူရေးတို့ကို တာဝန်ရှိသူများနှင့် ကျောင်းသူလေးများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းစာကြည့်တိုက်သို့ သွားရောက်ပြီး ဘာသာရပ်အလိုက် စာအုပ်စာပေများ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ စာအုပ်များကိုစနစ်တကျထားရှိရေး၊ စာကြည့်တိုက်ပညာရှင်များနှင့်ချိတ်ဆက်၍ စနစ်တကျထိန်းသိမ်းထားရှိရေးတို့နှင့် စပ်လျဉ်း၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား မှာကြားသည်။

**လိုအပ်ချက်များမေးမြန်း**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းအစည်းအဝေးခန်းမ၌ မိဘဆရာအသင်းမှ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံပြီး ကျောင်း၏လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သင်ကြားလျက်ရှိ**

ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို ၁၈၈၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်တည်ထောင်ခဲ့သည်။ ယခင်က ခရစ်ယာန်သာသနာပြုကျောင်းဖြစ်ပြီး စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်းဟု ခေါ်သည်။ ၁၉၆၅ ခုနှစ် ဧပြီ ၁ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အမည်ပြောင်းလဲသတ်မှတ်ခေါ်တွင်ခဲ့ကြောင်း သိရသည်။ မိန်းကလေးအထက်တန်းကျောင်းဖြစ်ပြီး လက်ရှိ ကျောင်းသူ ၂၇၃ ဦး ပညာသင်ကြားလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၄၂ ဒသမ ၄၂ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၂၉ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မိဘဆရာအသင်းမှ ကျောင်းသားမိဘများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလီတဲဟို အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီများ တိုးမြှင့်ပေးသွားမည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ Samuel Undong စီမံကိန်းဖြင့် အကူအညီပေးနေသည့်ကိစ္စ၊ ၂၀၁၉ ခုနှစ်အတွင်း အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးများကျင်းပရေးကိစ္စများနှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းဆဲကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ ကျော်လွှားရေးအတွက် ကူညီပံ့ပိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်



❖ **ကျောဖုံးမှ**

စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာရေးလုပ်ငန်းစဉ်များ (National Strategy For Development of Statistics Action Plan-NSDS Action Plan)ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တိုးတက်မှုများ ပိုမိုအရှိန်ရအောင် ဆက်လက်ဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း၊ အသစ်ပြန်လည် အဆင့်မြှင့်တင်ဖွဲ့စည်းလိုက်သည့် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအနေဖြင့် ယခုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း။

**ပိုမိုအားကောင်းလာ**

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြဋ္ဌာန်းခဲ့သည့် စာရင်းအင်းဥပဒေသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှစတင်၍ ဥပဒေသက်ရောက်နေပြီဖြစ်ပါကြောင်း၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ကို အကောင်အထည်ဖော်ဆောင်ရေးအတွက် စာရင်းအင်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်းထားပါကြောင်း။

သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များအနေဖြင့် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိအကောင်အထည်ဖော်ဆောင်လျက် ရှိနေကြသည်ကို သိရှိရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် Clusters ဌာနများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်ကို သိရှိရပါကြောင်း။

စာရင်းအင်းမှန်ကန်ရေး၊ စာရင်းအင်းယူနစ်များ သေချာစွာဖွဲ့စည်းဆောင်ရွက်ရေး၊ လိုအပ်သည့် Resource ခွဲဝေချထားရေးနှင့် သက်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့များထံ လမ်းညွှန်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား တိုက်တွန်းလိုပါကြောင်း။

**အတည်ပြုခဲ့ပြီးဖြစ်**

စာရင်းအင်းဆိုင်ရာအချက်အလက်ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား ဆက်ဆံရေးကောင်းမွန်ရေး၊ လိုအပ်နေသည့် စာရင်းအင်းများဖြည့်ဆည်းရေးနှင့် အကျိုးသက်ဆိုင်သူ Stakeholders များအကြား ပူးပေါင်းဆောင်ရွက်ရန်ပြုလုပ်သည့် Platform တစ်ရပ်အဖြစ် မြန်မာစာရင်းအင်းဖိုရမ်(၂၀၁၈)ကို ပထမအကြိမ်ကျင်းပနိုင်ခဲ့သည့် အတွက်လည်း ဂုဏ်ယူပါကြောင်း၊ အဆိုပါဖိုရမ်မှ Stakeholders များအကြား ပူးပေါင်းဆောင်ရွက်ရန် Action Plan များ ပေါ်ပေါက်လာစေပါကြောင်း။

စာရင်းအင်းဆိုင်ရာအသိပညာ (Statistical Literacy)နှင့် အချက်အလက်များကို အသုံးပြုသည့် အလေ့အထ (Data Culture)ကို ဌာနဆိုင်ရာများ၌သာမက အများပြည်သူနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ အကြား၌ပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စာရင်းအင်းပညာ (Statistics Literacy)ကို မြှင့်တင်သည့်အနေဖြင့် စာရင်းအင်းနှင့် သက်ဆိုင်သည့် Stakeholders များအကြား ပူးပေါင်းဆောင်ရွက်ရန် Platform တစ်ခုအဖြစ် မြန်မာစာရင်းအင်းဖိုရမ်ကို တစ်နှစ်တစ်ကြိမ် ဆောင်ရွက်သင့်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် Sustainable Development Goals (SDGs) များကို အကောင်အထည်ဖော်ဆောင်နေကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) ကို အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း။

MSDP ရေးဆွဲရေးအတွက် လက်ရှိအခြေအနေကို ထင်ဟပ်သည့် စာရင်းအင်းအချက်အလက်များ လိုအပ်ပါကြောင်း၊ MSDP ကို အကောင်အထည်ဖော်ဆောင်ရာတွင် အမျိုးသားညွှန်းကိန်းမူဘောင် (National Indicator Framework) သတ်မှတ်ဆောင်ရွက် တိုင်းတာမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုများ ထိရောက်သောအောင်မြင်မှု ရှိ၊ မရှိကို ညွှန်းကိန်းများဖြင့် စောင့်ကြည့်အကဲဖြတ်ရန် အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ်အသီးသီးတွင် ဒေတာအချက်အလက်များ စာရင်းဇယားများ မှတ်မှတ်သားသားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အမျိုးသားညွှန်းကိန်း မူဘောင်ပေါ်ပေါက်ရေး၊ Data ရရှိနိုင်မှု၊ တွက်ချက်တိုင်းတာရေး ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း။

**ဆက်လက်တည်တံ့စေရေး**

စာရင်းအင်းဥပဒေကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးတွင် ခိုင်မာသည့် မြေပြင်စာရင်းအင်း အချက်အလက်အမှန်များဖြစ်စေရေးနှင့် အချိန်နှင့်တစ်ပြေးညီရှိရေး၊ ရှေ့နောက်ညီညွတ်မှုရှိရေး၊ Stakeholder အားလုံးပါဝင်ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနများအကြား၊ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားကို အချိတ်အဆက်မိမိ အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ကြစေလိုပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးအကြံပြုတင်ပြကြရန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။

"စာရင်းအင်းအချက်အလက်များ အရည်အသွေးမြင့်လေ....လူမှုဘဝ ပိုကောင်းလေ" "Better Data, Better Statistics, Better Life" ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှုသာလျှင် မူဝါဒချမှတ်သူ၊ စီမံကိန်းရေးဆွဲသူ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ လူမှု-စီးပွားသုတေသန ဆောင်ရွက်သူစသည်ဖြင့် အားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများနှင့်စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့်မူဝါဒ ထည့်သွင်းစဉ်းစားရန်အချက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် အကျိုးဆက်များရရှိစေရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူတို့၏ လူနေမှုဘဝများကို မြှင့်တင်ပေးနိုင်ရန်အချက်ပြမည့် စာရင်းအင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာကိုယ်စားလှယ်များနှင့်အတူ တိုးတက်မှုများ ဆက်လက်တည်တံ့စေရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေး၊ စာရင်းအင်းဆိုင်ရာလွှမ်းခြုံမှု အားကောင်းစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အစည်းအဝေးကျင်းပခဲ့မှုများ၊ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈) ဆုံးဖြတ်ချက်များ၊ စာရင်းအင်းနည်းဥပဒေထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့၏ အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့မှုများ၊ စစ်တမ်းကောက်ယူမှုများ၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆောင်ရွက်မှုများ၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ဝေလျက်ရှိသည့် Publication များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး**

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ တိရစ္ဆာန်ကောင်ရေ စာရင်းအင်းကောက်ယူမှု အခြေအနေများနှင့် နှစ်လယ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

**စာရင်းအင်းအချက်အလက်များ မှန်ကန်စွာရရှိရေး**

ထို့နောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အဆိုပါနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းမွန်ရေးအတွက် နိုင်ငံ၏ စာရင်းအင်းအချက်အလက်များသည်မှန်ကန်ပြီး အရည်အသွေးပြည့်ဝရန် လိုအပ်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များနှင့်ပတ်သက်၍ Data Base Centre အား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် စာရင်းအင်းအချက်အလက်များဖြင့် စီမံကိန်းများကို ရေးဆွဲရပါကြောင်း၊ အလားတူစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စာရင်းအင်းအချက်အလက်များဖြင့် ပြန်လည်ဆန်းစစ်ရပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များ မှန်ကန်စွာရရှိရေးသည် နိုင်ငံအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

စာရင်းအင်းအရည်အသွေး ပြည့်ဝရေးလုပ်ငန်းရပ်များသည် ကာလတိုအတွင်း ချက်ချင်းလက်ငင်းဆောင်ရွက်၍မရဘဲ ရေရှည်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ပထမအနေဖြင့် စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဖြစ်ပြီး ဒုတိယမှာ ရရှိပြီး စာရင်းအင်းအချက်အလက်များကို လက်တွေ့အသုံးချနိုင်ရန် တွန်းအားပေးဆောင်ရွက်စေလိုပါကြောင်း၊ နှစ်လယ်သန်းခေါင်စာရင်းနှင့် စိုက်ပျိုးရေးသန်းခေါင်စာရင်းကောက်ယူနိုင်ရေး ပြင်ဆင်မှုများတွင်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်မှသာ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများကိုထင်ဟပ်စေနိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာမူဝါဒများကို လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း၊ စီမံကိန်းနှင့် ဘတ်ဂျက်ခွဲဝေဆောင်ရွက်နိုင်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် လွှတ်တော်ဆိုင်ရာ သံတမန်ပညာရပ်နှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာ သံတမန်ပညာရပ်နှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် Learning Center ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကို လွှတ်တော်ဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများ၊ ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာ၌ လိုအပ်သည့် စွမ်းရည်များ၊ ကျွမ်းကျင်မှုများရရှိရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရပ်တည်ချက် မူဝါဒများနှင့် သံတမန်ဆက်ဆံရေးလုပ်ထုံးလုပ်နည်းများကို ကောင်းစွာသိရှိသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏လုပ်ငန်းများကို ထောက်ပံ့ကူညီနိုင်မည့် အရည်အသွေးရှိသော လွှတ်တော်ရုံးဝန်ထမ်းများဖြစ်ရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် လွှတ်တော်အတွင်းရှိ နိုင်ငံတကာ အစည်းအဝေးအတွေ့အကြုံများရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီ၊ ကော်မရှင်များမှ ပညာရှင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာရေးရာ ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာဆက်ဆံရေးသမိုင်း၊ နှစ်နိုင်ငံဆက်ဆံရေးအခြေခံအချက်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ နိုင်ငံရေးဆက်စပ်ဖြစ်ပေါ်မှုများ၊ AIPA, IPU စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် အချက်များ၊ အာဆီယံဆိုင်ရာ သိကောင်းစရာများ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ပဋိညာဉ်ဘာသာရပ်တို့ကို ကဏ္ဍအလိုက် ပို့ချသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးများမှ အရာထမ်း၊ အမှုထမ်း၊ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း**များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ကော်မတီဝင်များ ပြောင်းလဲတာဝန်ပေးအပ်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ**တွင် အဖွဲ့ဝင်အဖြစ် **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလွင် အစား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ငိုက်မန်အားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးအစား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်**အားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**တွင် အဖွဲ့ဝင်အဖြစ် **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်းအစား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းအား** ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြ၍ သဘောတူညီချက်ရယူသည်။

## အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က **အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ ခြောက်လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီ ၁၀ ရက်မှ အောက်တိုဘာ ၉ ရက်အထိ)အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယခုအခါအမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ သက်တမ်းမှာ (၂)နှစ်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် (၂)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကိုအခြေခံလျက် အချက်လေးချက်ကို အကြံပြုလိုပါကြောင်း၊ ပထမအကြံပြုချက်အနေဖြင့် ပညာရေးမူဝါဒများ၊ စီမံကိန်းများကို လေ့လာသုံးသပ်အကဲဖြတ်အကြံပြုရေးဖြစ်ပါကြောင်း၊ ကော်မရှင်က ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ကဏ္ဍအလိုက် သို့မဟုတ် ကဏ္ဍခွဲအလိုက် စနစ်တကျ လွှမ်းခြုံသုံးသပ်အကဲဖြတ် အကြံပြုသင့်သည်ဖြစ်ရာ ထိုလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကော်မရှင်တို့အကြား ပညာရေးဆိုင်ရာ စာရင်းအင်းနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်မည့်ယန္တရားတစ်ခု ထူထောင်ဆောင်ရွက်ရန်နှင့် ကော်မရှင်ရုံးတွင် စီမံကိန်းလုပ်ငန်း ကြီးကြပ်အကဲဖြတ် သဘောတရားများကို နားလည်ပြီး၊ သုတေသနနည်းပညာ ကျွမ်းကျင်သည့် ဝန်ထမ်းများ တိုးချဲ့ခန့်ထားပြုစုပျိုးထောင်ရန်တို့ ဖြစ်ပါကြောင်း။

ဒုတိယအကြံပြုချက်အနေဖြင့် ကော်မရှင်၊ ကော်မတီများနှင့် ဝန်ကြီးဌာန၊ သက် ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစေရေးဖြစ်ပါကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းထားသော ကော်မတီများနှင့် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းလုပ်ဆောင်မှု ပိုမိုအားကောင်းရေးအတွက် ပုံမှန်ပေါင်းစပ်ညှိနှိုင်းရေးယန္တရားတစ်ခု ထူထောင်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

တတိယအကြံပြုချက်အနေဖြင့် သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာ ညှိနှိုင်းဆွေးနွေးရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် အများပြည်သူနှင့်သက်ဆိုင်သည့် ပညာရေးမူဝါဒများကို ရေးဆွဲရာတွင် သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံး အကျုံးဝင်ပြီး၊ ထိရောက်သော မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးမှုဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်၏ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကို တိုးမြှင့်ဖွဲ့စည်းပေးရန် ဖြစ်ပါကြောင်း။

စတုတ္ထအကြံပြုချက်အနေဖြင့် နိုင်ငံတကာပညာရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါကြောင်း၊ ကော်မရှင်နှင့် ကော်မတီများသည် ပညာရေးမူဝါဒများ၊ အဆင့်အတန်းများ၊ စံချိန်စံညွှန်းများ စသည်တို့ကို ဖော်ထုတ်သတ်မှတ် အကြံပြုပေးရမည့် အဖွဲ့အစည်းများဖြစ်သည်နှင့်အညီ မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ မူဝါဒဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော မူဝါဒများကို ရေးဆွဲဖော်ထုတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်သည် အမျိုးသားပညာရေးစနစ်၏ အဆင့်အသီးသီးတွင် ပိုမိုထိရောက်ပြီး စွမ်းဆောင်ရည်ရှိသော ပညာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းနိုင်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးပေးနိုင်ရန်တို့အတွက် အမျိုးသားပညာရေးဥပဒေပါ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။




## ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြရာတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန် ပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် နှစ်ချက်ဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြန်လည်ပေးပို့လာခဲ့ပါကြောင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာတင်ပြရန် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

သို့ဖြစ်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၉ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် အစည်းအဝေး ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ခဲ့ကြပါကြောင်း၊ ယင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအရ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၈ ပါ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(ခ) နှင့် အပိုဒ် ၂၀ပါ ပုဒ်မ ၉၅ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ပါ၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

## ပြည်သူ့ငွေစာရင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာထုတ်ပြန်ရေးနှင့် ၎င်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၉)** တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ပကြွေးမြီအများစုသည် အတိုးနှုန်းသက်သာပြီး ပြန်ဆပ်ကာလကြာရှည်သော ချေးငွေများဖြစ်သော်လည်း နှစ်စဉ် အတိုးအရင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်၍ ပြည်ပချေးငွေများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုရန် လိုအပ်သကဲ့သို့ အတိုးနှုန်းမြင့်မားနေသည့် ချေးငွေများကို စောလျင်စွာ ပြန်ဆပ်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ သတ်မှတ်ချက်အရ အလယ်အလတ်အဆင့် ဝင်ငွေနည်းပါးသည့်နိုင်ငံတွင် ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် GDP အချိုးမှာ ၃၈ ရာခိုင်နှုန်းထက် မကျော်စေရဆိုသော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ကြွေးမြီနှင့် GDP အချိုးမှာ ၃၈ ဒသမ ၃ ဖြစ်သောကြောင့် ကြွေးမြီခံနိုင်ရည်ရှိမှု ကန့်သတ်ချက်ဘောင်ထက် အနည်းငယ်ကျော်လွန်လျက်ရှိသဖြင့် ထိုအချိုးကို လျှော့ချနိုင်ရန် ကြိုးပမ်းသင့်ပါကြောင်း၊ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးမှာလည်း ငါးရာခိုင်နှုန်းထက် မြင့်မားလျက်ရှိသဖြင့် ထိုအချိုးအစားကို နိမ့်ကျသွားစေရန် ကြိုးပမ်းခြင်းဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှုကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေတစ်မျိုးချင်းနှင့် စပ်လျဉ်း၍ စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ မူလရည်မှန်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ချေးငွေထုတ်ယူမှု မှန်ကန်ထိရောက်ရေးတို့ကို အကြံပြုလိုပါကြောင်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း ၃၂ ခုရှိသည့်အနက် ရှစ်ခုသာ ကိုယ်ပိုင်ရန်ပုံငွေနှင့် ကြွေးမြီများကို ပေးဆပ်နိုင်ပြီး ကျန် ၂၄ ခုကို နိုင်ငံတော်က တာဝန်ယူပေးဆပ်နေရသည့်အတွက် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုအပေါ် နည်းလမ်းများရှာဖွေသင့်ပါကြောင်း။

နောင်တွင် ချေးငွေများချေးယူရာ၌ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးသက်ရောက်နိုင်မှုအနေအထား၊ ချေးငွေများ ပြန်လည်ပေးဆပ်ရန်နှင့်ဝင်ငွေပြန်လည်ရရှိနိုင်မှု အလားအလာမျှော်မှန်းချက်၊ ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၏ အရေးပါမှု၊ လုပ်ငန်းအောင်မြင်တိုးတက်နိုင်မည့် အလားအလာ၊ ချေးငွေဝန်ထုပ်ဝန်ပိုးဖြစ်နိုင်မှုအခြေအနေများကို ကြိုတင်တွက်ချက်မှန်းဆထားသင့်ပါကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အခြေအနေ၊ လုပ်ငန်းများ တိုးတက်မှုနှင့် ပြီးပြတ်မှုအခြေအနေများကိုလည်း လွှတ်တော်သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြသင့်ပါကြောင်း။

ချေးငွေ ဝန်ထုပ်ဝန်ပိုးကျဆင်းလာရန်၊ နိုင်ငံတော်၏အခွန်အကောက် ပိုမိုရရှိလာနိုင်ရေးနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဝင်ငွေကျဆင်းလာမှု၊ အရှုံးဖြစ်ပေါ်နေမှုနှင့် လုပ်ငန်းရပ်ဆိုင်းနေမှုများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ငွေကြေးတန်ဖိုး တည်ငြိမ်ရေးကိုလည်း အလေးထား ထိန်းညှိဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန်နှင့် ဖိလစ်ပိုင်သတင်းဌာန၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန e-Government ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြန်ကြားရေး ဝန်ကြီးဌာန၏ e-Government ဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ e-Government လုပ်ငန်းဆောင်ရွက်ခြင်းကို စနစ်တကျ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် ဌာနအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ တိကျမှန်ကန် မြန်ဆန်စွာ လွှင့်ထုတ်နိုင်ရေး၊ ဆိုက်ဘာ လုံခြုံရေး၊ ကျွမ်းကျင်မှုဆင့်ပွားသင်တန်းများ ပို့ချရေးတို့ကို ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ e-Government ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ အကြံပြုချက်၊ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (က) ဒေါက်တာဝါဝါမောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) ဦးဆန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) ဦးခင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ဆင်ခြေထောက်ရောဂါကာကွယ်ဆေးနှင့် သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော ဇန်နဝါရီ ၂၄**

ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူတိုင်းအားလုံး သန်ချဆေးပေါင်း တိုက်ကျွေးပေး ဆောင်ပုဒ်နှင့်အညီ ကျိုက်မရောမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ လုပ်ငန်းစီမံချက်ဖြင့် သန်ချဆေးပေါင်း တိုက်ကျွေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီက ရပ်ကွက်များသို့ အိမ်တိုင်ရာရောက် သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးမှူးများ၊ သူနာပြုဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ NGO များ ပူးပေါင်းကာ အောင်သုခရပ်ကွက်ရှိ ပြည်သူများထံ သွားရောက်၍ သန်ချဆေးပေါင်းများနှင့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

# ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ သွားရောက်သတင်းရယူ

**မောင်တော ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာ၊ မောင်တောမြို့နယ် အင်းဒင်ကျေးရွာ၊ မောင်တောမြို့မဈေးနှင့် ရွှေဇားစေတီပြင်ကျေးရွာတို့သို့ သွားရောက်ပြီး မြေပြင်ကွင်းဆင်းသတင်းရယူကြသည်။

**မေးမြန်းသတင်းယူ**

ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာနေ တိုင်းရင်းသားများနှင့်တွေ့ဆုံ၍ မေးမြန်းသတင်းရယူကြသည်။

ထို့နောက် အင်းဒင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကာ ကျေးရွာအတွင်း လိုက်လံသတင်းရယူကြသည်။

ယင်းနောက် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် မောင်တောမြို့သို့ ရောက်ရှိပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက UEHRD အစီအစဉ်ဖြင့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကူညီထောက်ပံ့မှုအခြေအနေများ၊ နေအိမ်များ ပြန်လည်နေရာချထားနိုင်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ တည်ဆောက်ထားရှိမှုအခြေအနေနှင့် လက်ရှိလုံခြုံရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာသမားများက လုံခြုံရေး၊ ပြန်လည်လက်ခံရေး၊ လတ်တလော တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ သတင်းမီဒီယာသမားများသည် မောင်တောမြို့မဈေးနှင့် ရွှေဇားစေတီပြင်ကျေးရွာတို့၌ သိရှိလိုသည်များကို မေးမြန်းသတင်းရယူကြကာ အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံပြီး မောင်တောမြို့နယ် အောင်ဇလချောင်းဝကင်းစခန်းအနီးရှိ နယ်စပ်ခြံစည်းရိုးသို့ သွားရောက်သတင်းရယူကြသည်။



သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခြောက်ကြိမ်နှင့် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်အကောင်အထည်ဖော်ရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ခေါက်နှုန်းဖြင့် ၁၅ ကြိမ် သတင်းရယူခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း အကြိမ် ၃၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း - မျိုးမြင့် (သတင်းစဉ်)**
**ဓာတ်ပုံ - သက်လွင်စိုး (ပြန်/ဆက်)**

# အခွန်ကတိုင်းပြည်အတွက် အရေးကြီးပါတယ်၊ နိုင်ငံသားတိုင်းဟာ အခွန်ဆောင်ဖို့ လိုအပ်ပါတယ်

ဦးအောင်ကိုဝင်း (ဥက္ကဋ္ဌ၊ KBZ Group)

၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် အများဆုံးပေးဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဝင်ငွေခွန်အများဆုံးပေးဆောင်သူ ၁၀ ဦး၊ ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သူ ၁၀ ဦး၊ အထူးကုန်စည်ခွန်အများဆုံးပေးဆောင်သူ ၁၀ ဦး၊ ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦး၊ ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦး၊ အထူးကုန်စည်ခွန်အများဆုံးပေးဆောင်ခဲ့သည့် (ပုဂ္ဂလိကပိုင်၊ နိုင်ငံခြားကုမ္ပဏီများ)မှ ငါးဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မှ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အထိ ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် အခွန်ထမ်း Kanbawza Bank Ltd ဥက္ကဋ္ဌအား အထူးဂုဏ်ထူးဆောင်ဆုနှင့် အထူးဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနား၌ ဆုရရှိခဲ့ကြသည့် အခွန်ထမ်းကြီးများနှင့် တွေ့ဆုံမေးမြန်းချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။


ဦးအောင်ကိုဝင်း


ဦးညီမြင့်


ဦးအောင်ဇော်နိုင်


ဦးသိန်းဝင်းဇော်


ဦးဝင်းဆွေ


ဒေါ်ယဉ်ယဉ်ငွေး

**ဦးအောင်ကိုဝင်း**

**(ဥက္ကဋ္ဌ၊ KBZ Group)**

ကျွန်တော်တို့ နှစ်တိုင်း အခွန်အများဆုံး ဆောင်နိုင်ခဲ့ပါတယ်။ ကြိုတင်ငွေတွေလည်း အများကြီးပေးဆောင်ထားပါတယ်။ အခွန်က တိုင်းပြည်အတွက် အရေးကြီးပါတယ်။ နိုင်ငံသားတိုင်းဟာ အခွန်ဆောင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ သတ်မှတ်တဲ့ လျာထားချက်တွေရှိပါတယ်။ တချို့လည်း ကြိုသွင်းထားပါတယ်။ နှစ်စဉ်စနစ်တကျ အခွန်နဲ့ပတ်သက်လို့ ပြင်ဆင်ထားပါတယ်။ အခုလို သမ္မတကြီးက ဂုဏ်ပြုပေးတဲ့အပေါ်မှာ၊ အသိအမှတ်ပြုပေးတဲ့အပေါ်မှာ ကျေးဇူးအထူးတင်ရှိပါတယ်။

**ဦးညီမြင့်**

**(Senior Managing Director၊ Kanbawza Group of Companies)**

အခွန်အများဆုံးဆု စရတဲ့နှစ်က ၂၀၁၁-၂၀၁၂ ကပါ။ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာငွေအများဆုံး ပထမနေရာကနေ ခုနစ်နှစ်ဆက်တိုက် ထမ်းဆောင်ခဲ့ပါတယ်။ အခုနောက်ဆုံး ၂၀၁၇-၂၀၁၈ မှာတော့ ၃၂ ဘီလီယံ အခွန်ထမ်းဆောင်ခဲ့ပါတယ်။ ခုနစ်နှစ် စုစုပေါင်းလိုက်ရင် ဘီလီယံ ၁၄၀ ဖြစ်ပါတယ်။ ခုနစ်နှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတကနေပြီးတော့ အထူးဂုဏ်ထူးဆောင်ဆုကို ပေးခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအားလုံးက တိုင်းပြည်ကို ထူထောင်တဲ့အခါမှာ အခွန်ကိုအခြေခံပြီးတော့ တိုင်းပြည်ကို တည်ဆောက်ကြတာဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေး တိုးတက်အောင်၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အခါမှာ အခွန်က အဓိကဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းတွေ စဆောင်ရွက်ကတည်းက ကျသင့်တဲ့အခွန်ကို မှန်မှန်ကန်ကန် တိတိကျကျပေးဆောင်ဖို့ ကျွန်တော်တို့ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ အဲဒီလိုပဲ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းပြည်တည်ဆောက်ရေးအတွက် မရှိမဖြစ်တဲ့အခွန်ကို ပေးဆောင်တဲ့အတွက်ကြောင့် တိုင်းပြည်အတွက်လည်း အကျိုးရှိ၊ ပြည်သူအတွက်လည်း အကျိုးရှိပါတယ်။ မိမိတစ်ဦးတည်း ချမ်းသာတာမဟုတ်ဘဲနဲ့ လူမှုဝန်းကျင်ကို ဘယ်လိုအကျိုးပြုကြမလဲဆိုတာကို အားလုံးက ဒီနေ့စဉ်းစားသုံးသပ်ဆောင်ရွက်နေကြပါတယ်။ အထိရောက်ဆုံးနည်းလမ်းကတော့ အခွန်ဆောင်တဲ့နည်းလမ်းပဲဖြစ်ပါတယ်။ အခွန်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကို တိုက်ရိုက်အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့က ဆက်ပြီးတော့ အကောင်းဆုံးကြိုးစားသွားမယ်။ ရရှိလာတဲ့ အကျိုးအမြတ်အပေါ်မှာ အများအကျိုးအတွက် အကောင်းဆုံး အခွန်ထမ်းဆောင်သွားပါမယ်။ အခွန်လည်း အများဆုံးဆောင်သလို အလှူလည်း အများဆုံးလုပ်သွားမှာပါ။ အလှူက ပြည်သူ့အကျိုးပြုဖြစ်ပါတယ်။ ကျွန်တော်တို့ဘဏ်အနေနဲ့လည်း ဒီထက်အောင်မြင်အောင် ကြိုးစားသွားမယ်။ အခွန်များများဆောင်နိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာပါ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားတက်သရော ကြိုးပမ်းနေတဲ့အချိန်မှာ ကျွန်တော်တို့ကလည်း အကောင်းဆုံး ပါဝင်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

တိုးချဲ့မယ့်လုပ်ငန်းတွေ အများကြီးရှိပါတယ်။ နံပါတ်(၁)က အခွန်ဆောင်ပါမယ်။ နံပါတ် (၂) ကတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ လုပ်သွားပါမယ်။ နှစ်စဉ်နှစ်စဉ် အခွန်ထမ်းဆောင်မှုအနေနဲ့ ထိပ်ဆုံးမှာရှိနေမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ ဂရုအောက်မှာရှိနေတဲ့ ကုမ္ပဏီပေါင်း ၃၀ ကလည်းပဲ အခွန်အခတွေကို အများဆုံး ပေးဆောင်လျက်ရှိပါတယ်။

**ဦးအောင်ဇော်နိုင်**

**(CEO - Managing Director၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်)**

၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နိုင်ငံတော်သမ္မတကချီးမြှင့်တဲ့ အခွန်အများဆုံး ထမ်းဆောင်တဲ့ ထူးချွန်ဆုရပါတယ်။ အများဆုံး ပေးဆောင်ရတဲ့ အဆင့် (၃) ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ဝင်ငွေခွန် နံပါတ် (၄) ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ဝင်ငွေခွန် နံပါတ် (၄) ရပါတယ်။

ကျွန်တော့်အနေနဲ့ အများကြီး ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ ဆက်လက်ကြိုးစားဆောင်ရွက်သွားဖို့ အင်အားတွေအများကြီးရပါတယ်။ နိုင်ငံသားတိုင်း၊ ကုမ္ပဏီတိုင်းက အခွန်ပေးဆောင်ရမယ့်တာဝန်ရှိပါတယ်။ ဒါကိုနိုင်ငံသားအားလုံး တညီတညွတ်တည်း ဆောင်ရွက်နိုင်ရင် နိုင်ငံတော်မှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေး စတဲ့ နိုင်ငံတော်တိုးတက်မှုအပိုင်းတွေကို အကျိုးရှိရှိ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခွန်ပေးဆောင်ခြင်းက စီးပွားရေးတိုးတက်မှုကို တွန်းအားပေးတဲ့သဘောလည်း ဖြစ်ပါတယ်။ စီးပွားရေးကောင်းလေ အခွန်များများ ဆောင်နိုင်လေ၊ အခွန်များများဆောင်နိုင်လေ စီးပွားရေး ပိုကောင်းလေပါ။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ အခွန်ထမ်းဆောင်တာရှိသလို ကုမ္ပဏီဝန်ထမ်းတွေကလည်း ထမ်းဆောင်ကြပါတယ်။ အဲဒီဝန်ထမ်းတစ်သောင်းကျော်ကလည်း သက်ဆိုင်ရာ Personal Income Tax ကို အပြည့်အဝ ပေးဆောင်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ ရွှေတောင်အနေနဲ့ မနှစ်က ဝင်ငွေခွန်အနေနဲ့ ခုနစ်ဘီလီယံကျော် ဆောင်ခဲ့ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်အနေနဲ့ ရှစ်ဘီလီယံလောက် ဆောင်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီမှာရှိတဲ့ ကုမ္ပဏီခွဲတွေအားလုံး ပေါင်းလိုက်မယ်ဆိုရင် ဝင်ငွေခွန်က ၁၃ ဘီလီယံရှိပါတယ်။ ကုမ္ပဏီခွဲအားလုံး အခု ၅၀ လောက်ရှိပါတယ်။ သက်ဆိုင်ရာကုမ္ပဏီ၊ ကုမ္ပဏီခွဲတွေက အသီးသီး ဆောင်သွားတဲ့ဟာ ပေါင်းလိုက်မယ်ဆိုရင် ဝင်ငွေခွန်က ၁၃ ဘီလီယံ၊ ကုန်သွယ်ခွန်က ဘီလီယံ ၂၀ ရှိပါတယ်။ အားလုံးပေါင်း ၃၃ ဘီလီယံ ဆောင်ထားပါတယ်။

မြန်မာနိုင်ငံရဲ့ အနေအထားအရ ဝင်ငွေနိမ့်၊ ဝင်ငွေလတ် Personal Income Tax တွေကို လျှော့သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာ စားသုံးသူက ပေးဆောင်တဲ့အခွန်၊ စားသုံးသူအပေါ်မှာ ထပ်ဆောင်းပြီး ကုမ္ပဏီက ပေးဆောင်ရတဲ့ အခွန်ဖြစ်ပါတယ်။ စားသုံးသူက ကျခံတဲ့အခွန်ဖြစ်ပါတယ်။ ဝင်ငွေခွန်အပိုင်းမှာ နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု လုပ်ချင်တဲ့ ကဏ္ဍတွေကို တွန်းအားပေးတဲ့အနေနဲ့ Creative ဖြစ်တဲ့ အခွန် Policy တွေ ထားလို့ရပါတယ်။ ပိုပြီးဖွံ့ဖြိုးတိုးတက်ချင်တဲ့နေရာတွေမှာ အခွန်နှုန်းတွေ လျှော့ပေးတာစသဖြင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အနေအထားပေါ်မူတည်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သတ်မှတ်ထားတဲ့ ဥပဒေအရ ဆောင်သင့်ဆောင်ထိုက်တဲ့ အခွန်ကို နိုင်ငံသားအားလုံး ပေးဆောင်ရမယ့်တာဝန်အရ ဘာမှ ငြင်းစရာမရှိပါဘူး။

**ဦးသိန်းဝင်းဇော်**

**(Managing Director၊ ရွှေပျိုးဖြူကုမ္ပဏီလီမိတက်)**

ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ သုံးနှစ်ဆက်တိုက် ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာ ကုန်သွယ်ခွန်ထမ်းဆောင်တာ နံပါတ် (၆)၊ ဝင်ငွေခွန်က (၁၃) ရရှိပါတယ်။ အခွန်တွေ များများ ပေးဆောင်တဲ့အတွက် တိုင်းပြည်ရဲ့ လိုအပ်တဲ့ နေရာတွေမှာ များများအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အရင်က ပုံသေနည်းစနစ်နဲ့ မြတ်မြတ်၊ မမြတ်မြတ် သွင်းတဲ့ အပေါ်မှာ ဘယ်လောက်ရာခိုင်နှုန်းဆိုပြီး အကြမ်းဖျင်း ကောက်လိုက်ပါတယ်။ အခုကတော့ တကယ်မြတ်မှ တကယ်ဆောင်ခိုင်းတော့တယ်။ ကုန်သွယ်ခွန်ကတော့ မြတ်မြတ်၊ မမြတ်မြတ်ဆောင်ရပါတယ်။ ဝင်ငွေခွန်ကတော့ မြတ်မှပဲ ဆောင်ရပါတယ်။ အခုအခွန်ကောက်တဲ့စနစ်က ပိုကောင်းပါတယ်။

**ဦးဝင်းဆွေ**

**(Managing Director၊ ပီတိစွမ်းအားထရေးဒင်းကုမ္ပဏီလီမိတက်)**

ကုန်သွယ်ခွန်အများဆုံးဆုရရှိပါတယ်။ နံပါတ်စဉ်ရင်တော့ နံပါတ် (၄)ပါ။ ကျွန်တော်တို့ လုပ်ငန်းထဲကရတဲ့ အမြတ်အစွန်းထဲကနေ နိုင်ငံတော်အတွက် ပြန်ပြီးလုပ်ပေးရတဲ့အတွက် ဂုဏ်ယူပါတယ်။ အခွန်က နိုင်ငံတော်အတွက် အရေးပါတဲ့အခန်းကဏ္ဍတစ်ခုကနေ ရှိပါတယ်။ သင့်တင့်မျှတတဲ့အခွန်ဖြစ်မယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အဆင်ပြေပါတယ်။ သင့်တင့်မျှတရင် လူအများကြီး ဆောင်နိုင်ပါတယ်။ အခွန်နှုန်းထားတွေက သင့်တင့်မျှတပြီး တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့ဟာဖြစ်ဖို့လိုပါတယ်။ မနှစ်ကဆို ကျွန်တော်တို့ ကုန်သွယ်ခွန်ရော၊ ဝင်ငွေခွန်ရော နှစ်ခုစလုံး အဆင့်တစ်ကနေ တစ်ဆယ်အတွင်း ရပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို နိုင်ငံတော်က အသိအမှတ်ပြုပြီး အရေးတယူလုပ်ပေးတာကို သဘောကျပါတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် နောင်မှာ အခွန်နဲ့ပတ်သက်ပြီး အကျွမ်းတဝင်မရှိတဲ့ ကုန်သည်တွေအတွက်လည်း အတုယူစရာ ဖြစ်ပါတယ်။ နှစ်စဉ်လည်း ကျင်းပပေးသင့်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း အခုလို နိုင်ငံတော်က ချီးမြှင့်တဲ့ဟာကို ကြိုးစားချင်တဲ့စိတ်လည်း ရှိပါတယ်။

**ဒေါ်ယဉ်ယဉ်ငွေး**

**(Chief Financial Officer၊ Telenor Myanmar Ltd)**

ကျွန်မတို့က ဒီနေ့ပွဲမှာတော့ categories သုံးခု ပေးပါတယ်။ ပထမတစ်ခုကတော့ ဝင်ငွေခွန်၊ နောက်တစ်ခုက ကုန်သွယ်လုပ်ငန်းခွန်၊ နောက်တစ်ခုကတော့ အထူးအခွန်ဖြစ်ပါတယ်။ Telenor Myanmar အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့ထဲမှာ ဝင်ငွေခွန် ဒုတိယဆု ရခဲ့ပါတယ်။ ကုန်သွယ်ခွန်မှာတော့ ပထမဆုရခဲ့ပါတယ်။ စုစုပေါင်း categories သုံးခုမှာ ကျွန်မတို့က နှစ်ခုကို ပထမနဲ့ ဒုတိယကို ရခဲ့ပါတယ်။

ကုမ္ပဏီတွေအနေနဲ့ အမြတ်ရရင် မှန်မှန်ကန်ကန် အခွန်ထမ်းဆောင်ရပါမယ်။ နိုင်ငံတော်သမ္မတ ပြောခဲ့သလို နိုင်ငံသားတိုင်းဟာ အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ ကုမ္ပဏီတိုင်းကလည်း အခွန်ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ အခုလို နိုင်ငံတော်အစိုးရအနေနဲ့ အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုတွေ ချီးမြှင့်ပေးတာ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။ ကုမ္ပဏီအားလုံးကလည်း ဝမ်းသာနေကြပါတယ်။ သူတို့လည်း ဒီလိုဆုမျိုးကို နှစ်ပေါင်းများစွာ တိုင်အောင် ထိန်းနိုင်အောင် ဆက်ပြီးအခွန်ထမ်းဆောင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒါမှလည်း တိုင်းပြည်အတွက် အခွန်တွေရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း အခုလို အခွန်အများကြီးရလာတာနဲ့အမျှ လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့နေရာမှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံနိုင်မှာ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - ကျော်ဟန်မော်

ဓာတ်ပုံ - ချောချော

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် "အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့"ဖိုရမ်တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဇန်နဝါရီ ၂၅ ရက်မှ ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းကကြီးမှူး၍ "အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့" (Change-Challenges to Opportunities)ဖိုရမ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Myanmar ICT Park, Conference Hall ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်သည်။

**အသိပညာဗဟုသုတများတိုးပွားလာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တိုင်းရင်းသားညီနောင်သွေးချင်း များအားလုံး လက်တွဲတည်ဆောက်နိုင်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဟောပြောပွဲခေါင်းစဉ်ပါအတိုင်း အပြောင်းအလဲများနှင့် စိန်ခေါ်မှုများအား အောင်မြင်စွာကျော်လွှားနိုင်ပြီး အခွင့်အရေး၊ အခွင့်အလမ်းများရရှိနိုင်ရေးသည် အသိပညာအတတ်ပညာများအပြင် မျှော်မှန်းချက်၊ ရည်မှန်းချက်များလည်း ထားရှိရန်လိုအပ်ပါကြောင်း၊ အဆိုပါ အသိပညာ၊ အတတ်ပညာများသည်လည်း ယခုကဲ့သို့ ဟောပြောပွဲဆွေးနွေးပွဲဖိုရမ်များမှ ပိုမိုရရှိနိုင်မည်ဖြစ်သည့်အတွက် ဖိုရမ်များကျင်းပခြင်းဖြင့် နိုင်ငံသူနိုင်ငံသားများ၏အသိစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုလိုချင်သည့် အပြောင်းအလဲသည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပြောင်းလဲသွားသည့်တိုင် ပြည်သူလိုအပ်နေသော ဒီမိုကရေစီစနစ်ရရှိပြီဟု ယူဆ၍ မရနိုင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ လက်အောက်ရှိ ဝန်ထမ်းများအားလုံးမပြောင်းလဲပါက ဒီမိုကရေစီစနစ် ရရှိမည် မဟုတ်ပါကြောင်း၊ စနစ်ဟောင်းက ပြည်သူလူထုမလိုလားသည့် အကျင့်စရိုက် ဟောင်းများမပြောင်းလဲလျှင် ပြည်သူလိုလားသည့် ပြည်သူလူထုအကျိုး ကာကွယ်စောင့်ရှောက်သည့် ဒီမိုကရေစီစနစ် ရရှိမည်မဟုတ်ပါကြောင်း၊ ပြည်သူလူထုကိုယ်တိုင် အသိပညာအတတ်ပညာမရှိပါက အပြောင်းအလဲသည် ပြည်သူ့အကျိုးကာကွယ်မှုပြုသည့် အပြောင်းအလဲဟုတ်သည် မဟုတ်သည်ကို မသိရှိနိုင်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများ၊ ဖိုရမ်များပြုလုပ်မှသာ ပြည်သူ လူထုက သိရှိလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သလို ပြည်ထောင်စုကြီးတစ်ခုလုံး ပြောင်းလဲပါသည်၊ တိုးတက်ပါသည်ဆိုရာတွင် အကိုင်းအခက်များဖြစ်သော ဖွံ့ဖြိုးမှုနိမ့်ကျသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ မတိုးတက်ပါက တိုးတက်ပြောင်းလဲသည်ဟု မဆိုနိုင်ပါကြောင်း၊ ထိုသို့တိုးတက် ပြောင်းလဲနိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ပြပွဲများ၊ အသေးစားလုပ်ငန်းများ၊ အလတ်စားလုပ်ငန်းများ ကြိုးစားလုပ်ဆောင်သင့်သည့် အပြင် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ မိမိဒေသ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားလူငယ် များအနေဖြင့် ဗဟုသုတများ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည် ဖြစ်ပါကြောင်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ပါက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် စဉ်းစားတော့မည်မဟုတ်သဖြင့် အထက်ပါအခွင့်အလမ်း များဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ ထိုအခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်များ၊ ဆွေးနွေးပွဲများဆောင်ရွက်ခြင်းဖြင့် အသိပညာ အတတ်ပညာများ၊ ဗဟုသုများတိုးပွားလာပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို အကောင်အထည် ဖော်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် ဖိုရမ်သို့တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**အမှာစကားပြောကြား**

ဆက်လက်၍ ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နိုင်ဖေလှိုင်တို့က အမှာစကားပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ "အပြောင်းအလဲ-စိန်ခေါ်မှုများမှ အခွင့်အလမ်းများဆီသို့" (Change-Challenges to Opportunities)ဖိုရမ်အကြောင်းအရာအား The Voice Weekly Journal မှ CEO ဦးဇေယျသူ၊ Institute for Strategy and Policy –Myanmar မှ Executive Director ဦးမင်းဇင်၊ ဦးအောင်နိုင်ဦး( Director General of DICA)၊ MCRB မှ Director Ms.Vicky Bowman၊ MIT မှ Founder and CEO Dr. ဦးထွန်းသူရသက်၊ Yatanarpon Teleport မှ Chief Operating Officer Dr. Nandy Lynn တို့က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်စကား ပြောကြားကာ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနာယက ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပွဲတော်ဖြစ်မြောက်ရေးအတွက် ငွေများလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**ဖွင့်လှစ်ပြသထား**

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"ပွဲတော်ကို မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး တိုင်းရင်းသားတို့၏ စည်းလုံး ညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားအားလုံး လိုလား တောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသား ဒေသအသီးသီးရှိ စိတ်ဝင်စားဖွယ်ကောင်းသော တောတောင်ရေမြေ အလှအပ သဘာဝများကို နိုင်ငံသူ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ လေ့လာ သိရှိနိုင်ရန်၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ တိုင်းရင်းသားများ ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များကို နိုင်ငံအတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက်တင်ပို့ရောင်းချနိုင်ရန်နှင့် တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပွဲတော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် တအာင်း (ပလောင်)၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ 'ဝ' တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း စသည့် ရိုးရာယဉ်ကျေးမှုပြခန်းများလည်း ဖွင့်လှစ်ပြသထားသည်။

ပွဲတော်တွင် လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် စားသောက် ဆိုင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများရောင်းချမည့် ညဈေးတန်းများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်သည့် မီးအလှပြင်ဆင်ထားရှိမှုများ၊ ကလေး ကစားကွင်းများလည်း ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စမ်းချောင်းမြို့နယ်တွင် မီးလောင်မှု၌ သေဆုံးသူသုံးဦးနှင့် ဒဏ်ရာရရှိသူနှစ်ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်(တောင်)ရပ်ကွက်ရှိ ငွေတောင်လက်ဖက်ရည်ဆိုင်တွင် အသုံးပြုသည့် ဂက်စ်အိုးပေါက်ကွဲမှုကြောင့် ဇန်နဝါရီ ၂၃ ရက် နံနက် ၅ နာရီ ၃၉ မိနစ်ခန့်က မီးလောင်ကျွမ်းခံရမှု၌ သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ နှစ်ဦးတို့အား ဇန်နဝါရီ ၂၄ ရက်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မရမ်းကုန်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက မီးဘေးသင့်မှုကြောင့် သေဆုံးသူသုံးဦးအတွက် ထောက်ပံ့ငွေကျပ် ကိုးသိန်းကိုလည်းကောင်း၊ ဒဏ်ရာရသူနှစ်ဦး အတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ခြောက်သိန်း၊ ခုနစ်ရက်စာ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၁၁၁၃၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၇၁၁၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ အိမ်ထောင်စုငါးစုစာ ရေသန့် ငါးလီတာဘူး ၄၀၊ စားဆီ ငါးပိဿာပုံး တစ်ပုံး၊ ဒန်အိုး ငါးလုံး၊ စောင် ၁၀ ထည်တို့အား မြို့နယ်မှတာဝန်ရှိသူများနှင့်အတူ ဘေးသင့်ပြည်သူများလက်ဝယ်သို့ အဆိုပါနေ့ ညနေပိုင်းတွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# အထောက်အထားမဲ့ တရားမဝင်ရောက်ရှိလာသူ လေးဦး ဖမ်းဆီးရမိ

**မင်းလှ ဇန်နဝါရီ ၂၄**

မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထင်အောင်လင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရေနံမနယ်မြေ ရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေအောင်ဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက်က မင်းလှမြို့နယ် ကျောက်ထပ်ကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ တောထဲ၌ အထောက်အထားမဲ့ တရားမဝင် ရောက်ရှိလာသူ နိုဟာဆွင်း(ခ)ရွှေလှမောင် အပါအဝင် (ကျား) လေးဦးအား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ- ၆ (၂)/၆ (၃) ဖြင့် အရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ပြည်ကြီးတံခွန်မြို့နယ်တွင် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**ပြည်ကြီးတံခွန် ဇန်နဝါရီ ၂၄**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက် ၆၈ လမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့်တွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက အလျား ရှစ်လက်မခန့်ရှိသော စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးသီးဟောင်းအား အကွက်မှူး ဦးစိန်လှိုင်၏ အကြောင်းကြားချက်အရ နယ်မြေစခန်းမှူး ရဲအုပ်ကျော်ကျော်လတ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ကျန်ဗုံးသီးဟောင်း (အလျား ရှစ်လက်မခန့် ဒလက်ပါ) အား တွေ့ရှိပြီး နယ်မြေခံ အင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ် မောင်ဇော်နှင့်အဖွဲ့အား မွန်းလွဲ ၁ နာရီတွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နယ်ခြားမှတ်တိုင် (၄၁) ရဲကင်းစခန်းအား ပစ်ခတ်ခံရမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး သံတမန်စာ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နယ်စပ်ခြံစည်းရိုး အဆင့်မြှင့်တင်မှုအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် နယ်ခြားမှတ်တိုင် (၄၁) ရဲကင်းစခန်းအား ယနေ့ နံနက် ၇ နာရီ ၄၄ မိနစ်ခန့်တွင် နယ်စပ်ခြံစည်းရိုးမှ မီတာ ၂၀၀ အကွာခန့်နေရာမှ ဗုံးပစ်လောင်ချာ ဗုံးသီးလေးလုံး၊ လက်နက်ငယ် အချက် ၂၀၀ ခန့် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ရှေ့တန်းအမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သား သန်းမြင့် လက်နက်ငယ်ရှပ်မှန်ဒဏ်ရာ (မစိုးရိမ်ရ)၊ ရဲတပ်သား စိုးသန်း လက်နက်ကြီးစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် နယ်စပ်ခြံစည်းရိုးပြင် အလုပ်သမား ကျော်မျိုးလွင် လက်နက်ကြီးစ ရှပ်မှန်ဒဏ်ရာများ ရရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံကာ အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်အား အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရင်းနှီးချစ်ကြည်ပြီး ကောင်းမွန်သော ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ လုံးဝလက်မခံသည့် မူဝါဒချမှတ်ထားကြောင်း၊ ဘင်္ဂလားဒေ့ရှ် ပိုင်နက်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံအား ထိပါးနှောင့်ယှက်ရန်ပြုလာသည်ကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် ပြောကြားကာ သံတမန်စာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မောင်တောမြို့နယ် နယ်မြေ(၂) မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မှတ်တိုင်(၄၁) ရဲကင်းစခန်းအား သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မီတာ ၂၀၀ ခန့်အကွာ နေရာသုံးနေရာမှ ပစ်ခတ်တိုက်ခိုက်သည့်နေရာ။



မောင်တောမြို့နယ် နယ်မြေ(၂) မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မှတ်တိုင် (၄၁) ရဲကင်းစခန်းအား သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မီတာ ၂၀၀ ခန့်အကွာ နေရာသုံးနေရာမှ ပစ်ခတ်တိုက်ခိုက်သည့် နေရာပြမြေပုံ။




မောင်တောမြို့နယ် နယ်မြေ(၂) မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မှတ်တိုင် (၄၁) ရဲကင်းစခန်းအား သောင်းကျန်းသူ (စိစစ်ဆဲ)အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း မီတာ ၂၀၀ ခန့်အကွာ နေရာသုံးနေရာမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ။ (အောက်ပုံ နှင့် အောက်ဝဲပုံ)



“သမားရိုးကျ IT ပညာရပ်များထက် ပိုမိုခွင်ကျယ်လာသည့် Ethical Hacking & Cyber Security ဘာသာရပ်များအကြောင်း”

- ယနေ့ခေတ် မြန်မာလူငယ်များအကြား စိတ်ဝင်စားမှုမြင့်တက်နေသည့် Cyber security နည်းပညာဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ
- ပြည်တွင်းတက္ကသိုလ်များမှ ကွန်ပျူတာ၊ အိုင်တီ ဘွဲ့လက်မှတ် ကိုင်ဆောင်ထားသူများအတွက် ဩစတြေးလျထိပ်တန်းတက္ကသိုလ်၏ Master of IT ဘွဲ့ဒီဂရီအကြောင်း
- မြန်မာကျောင်းသားကျောင်းသူများအတွက် **၁၀၀% ၅၀%** အထိရှိသည့် အထူးပညာသင်ဆု အခွင့်အလမ်းများနှင့်အတူ **အချိန်တိုအတွင်း** သင်ကြားနိုင်မည့် အိုင်တီဘာသာရပ်အပြင် စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်များအကြောင်း၊ ထိပ်တန်းဩစတြေးလျ ဘွဲ့ဒီဂရီများဖြစ်သည့် MBA ၊ဟိုတယ်နှင့်ခရီးသွားလာရေး၊ စိတ်ပညာအစရှိသည့် ဘာသာရပ်များအကြောင်းကို ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။




JAMES COOK UNIVERSITY SINGAPORE

CROWN EDUCATION

Date : 26th JAN 2019, Time : 10:00 am - 12:00 pm,
Venue : PARK ROYAL HOTEL (Yadana Ballroom - 3)

# ပီရူးသမ္မတဟောင်း ဖူဂျီမိုရီအား လက်ကျန်ပြစ်ဒဏ်များ ကျခံစေရန် အကျဉ်းထောင်သို့ ပြန်ပို့

**လီမာ ဇန်နဝါရီ ၂၄**

လူ့အခွင့်အရေးဆိုင်ရာ ရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဟူသော စွဲချက်များဖြင့် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသည့် ပီရူးသမ္မတဟောင်း အယ်လ်ဘတ်တိုဖူဂျီမိုရီအား ၎င်း၏ လက်ကျန်ပြစ်ဒဏ်များ ကျခံစေရန်အတွက် အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

၎င်းအား ၂၀၁၇ ခုနှစ်အတွင်းက ပေးအပ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အား ပီရူးနိုင်ငံမှ အဆင့်မြင့်ဆုံးတရားရုံးတစ်ရုံးက ပယ်ဖျက်ခဲ့ပြီးနောက် ယင်းသို့ လက်ကျန်ပြစ်ဒဏ်များကျခံစေရန် အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အသက် ၈၀ ရှိပြီဖြစ်သည့် ပီရူးသမ္မတဟောင်းအား ပီရူးအာဏာပိုင်များက ဇန်နဝါရီ ၂၃ ရက်တွင် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက သမ္မတဟောင်း ဖူဂျီမိုရီအား လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အကြောင်းပြချက်များဖြင့် အကျဉ်းထောင်မှ လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်တွင် ၎င်းသည် အကျဉ်းထောင်တွင်း၌ ၁၀ နှစ်ကြာနေထိုင်ခဲ့ပြီးဖြစ်သည်။ သမ္မတဟောင်း ဖူဂျီမိုရီအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့ခြင်းကို ပီရူးတရားရုံးချုပ်က လွန်ခဲ့သည့် အောက်တိုဘာလအတွင်းက ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။

ဖူဂျီမိုရီသည် ဂျပန်လူမျိုး ပီရူးနိုင်ငံသားဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်တွင် ပီရူးသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။ ၎င်း၏တင်းကျပ်သော အုပ်ချုပ်ရေးဟန်ပန်ကြောင့် လူထုကြားထဲတွင် ဝေဖန်မှုများ အမြင့်တက်ဆုံးအချိန်ဖြစ်သည့် ၂၀၀၀ ပြည့်နှစ်အတွင်း ၎င်းအား သမ္မတရာထူးမှ ဖယ်ရှားခဲ့သည်။

အရပ်သားများအား သတ်ဖြတ်ရန် လုံခြုံရေးတပ်ဖွဲ့များအား အမိန့်ပေးခဲ့မှုဖြင့် ၎င်းအား ၂၀၁၀ ပြည့်နှစ်တွင် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သမ္မတဟောင်း ဖူဂျီမိုရီ၏ သမီးဖြစ်သူ အတိုက်အခံခေါင်းဆောင် ကီကိုဖူဂျီမိုရီအား ငွေကြေးခဝါချမှုတစ်ခုတွင် ပါဝင်သည်ဟူသော စွဲချက်ဖြင့် ယမန်နှစ် အောက်တိုဘာလက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ပီရူးသမ္မတဟောင်း အယ်လ်ဘတ်တိုဖူဂျီမိုရီ

# ထိုင်းနိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေး စတင်လုပ်ဆောင်




**ဗန်ကောက် ဇန်နဝါရီ ၂၄**

ထိုင်းရွေးကောက်ပွဲကို မတ် ၂၄ ရက်တွင် ကျင်းပရန် ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ထိုင်းနိုင်ငံအတွင်း နိုင်ငံရေးပါတီများက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများကို စတင်လုပ်ဆောင်လျက်ရှိပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခု ရွေးကောက်ပွဲသည် တပ်မတော်က အာဏာသိမ်းပြီးနောက် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန် တွန်းပို့ပေးမည့် အရေးပါသော အဆင့်တစ်ခုဖြစ်သည်။

နိုင်ငံရေးပါတီများက ရွေးကောက်ပွဲအတွက် ၎င်းတို့၏ ကြိုတင်ပြင်ဆင်မှုများနှင့် နိုင်ငံရေးအခင်းအကျင်းများကို မီဒီယာသို့ပြောကြားခဲ့ကြောင်း သိရသည်။

တပ်မတော်အား ထောက်ခံသည့် ပါလန်း ပရာချရတ် ပါတီခေါင်းဆောင် ဆာဗာနာရာနာက ၎င်းတို့ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အဆင်သင့်ဖြစ်ကြောင်းနှင့် ပါတီအဖွဲ့ဝင်ဟောင်းများသည် အတွေ့အကြုံရင့်ကျက်မှုရှိပြီး ပါတီအဖွဲ့ဝင်အသစ်များသည် စိတ်အားထက်သန်မှုနှင့် စိတ်ကူးအတွေးအခေါ်အကြံအစည်များ ကောင်းမွန်ကြသည်ဟု မီဒီယာသို့ ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာအား ထောက်ခံအားပေးသည့် ဖူးထိုင်းပါတီခေါင်းဆောင် ဗီရိုဂျ်ပါအိုအင်းက ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံအား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည့် ပေါင်းကူးတံတားတစ်ခု ဖြစ်သည့်အတွက် ဝတ္တရားမပျက် ဆန္ဒမဲများ ထည့်သွင်းကြရန် ထိုင်းပြည်သူများနှင့် ဖူးထိုင်းပါတီဝင်များအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဖူးထိုင်းပါတီခေါင်းဆောင်က လက်ရှိအစိုးရအဖွဲ့တွင် တာဝန်ထမ်းရွက်ဆဲ ဝန်ကြီးလေးဦးပါဝင်သည့် တပ်မတော်ထောက်ခံသော ပါတီတစ်ရပ်ကို ထူထောင်ယှဉ်ပြိုင်ခွင့်ပြုခြင်းအပေါ် ဝေဖန်ရှုတ်ချခဲ့သည်။

ထိုင်းတပ်မတော်သည် ၂၀၁၄ ခုနှစ် အာဏာသိမ်းပိုက်ခဲ့ပြီးနောက် အစိုးရအဖွဲ့အား ထိန်းချုပ်ခဲ့သည်။ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပကာ ပြည်သူများရွေးချယ်သည့် အရပ်သားအစိုးရအဖွဲ့လက်သို့ အာဏာလွှဲပြောင်းပေးမည်ဟု ကတိပြုပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲကျင်းပမည့်ရက်ကို အကြိမ်ကြိမ် ရွှေ့ပြောင်းခဲ့သည်။

ယခု ရွေးကောက်ပွဲတွင် ထိုင်းဝန်ကြီးချုပ် ပရာယုဒ် ချန်အိုချာအနေဖြင့် တပ်မတော်ထောက်ခံသည့် ပါတီများအနက် တစ်ခုမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျတောင်ပိုင်း၌ အပူလှိုင်းကျရောက် အမြင့်ဆုံးအပူချိန် စံချိန်ချိုးဖျက်

**ကင်ဘာရာ ဇန်နဝါရီ ၂၄**

ဩစတြေးလျနိုင်ငံတောင်ပိုင်းတွင် အပူလှိုင်းကျရောက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်တွင် အပူချိန်နှုန်းထား အမြင့်ဆုံး ၄၉ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

**စံချိန်ချိုးခဲ့**

အဒီလာဒေးမြို့ မြောက်ဘက်ပိုင်းတွင် အပူချိန်နှုန်းထား ၄၉ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ် (၁၂၀ ဒီဂရီဖာရင်ဟိုက်)ရှိပြီး မြို့တွင်းပိုင်းတွင် အပူချိန်မှာ ၄၇ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်ရှိကာ ၁၉၃၉ ခုနှစ်ကတည်းက မှတ်တမ်း ယူခဲ့သော အမြင့်ဆုံး အပူချိန် စံချိန်ကို ချိုးခဲ့သည်။

**ရုန်းကန်လှုပ်ရှား**

အဒီလာဒေးမြို့မှ ဒေသခံများအနေဖြင့် တောင်ပိုင်းဟမ်းရှိုင်းယားဒေသ၏ နွေရာသီအတွင်း ကြုံတွေ့ရသည့် ပူလောင်အိုက်စပ်မှုကို ကြုံတွေ့ရမြဲဖြစ်သော်လည်း တစ်ချိန်တည်းမှာပင် ကြမ်းတမ်းသော အပူချိန်အောက်တွင် ရုန်းကန်လှုပ်ရှားနေရသည်။

**အပူချိန်မြင့်တက်**

ဩစတြေးလျနိုင်ငံတောင်ပိုင်းဒေသရှိ မြို့ပေါင်း ၁၃ မြို့တွင် အပူချိန်စံချိန်များချိုးသည့်တိုင် အပူချိန်များ မြင့်တက်နေခဲ့သည်။ ပြည်နယ်ကျန်းမာရေးအာဏာပိုင်များ၏ ဇန်နဝါရီ ၂၄ ရက် အစောပိုင်းထုတ်ပြန်ချက်အရ လွန်ခဲ့သည့် ၂၄ နာရီအတွင်းတွင် အပူချိန်မြင့်မားမှုနှင့် ဆက်စပ်ဖြစ်ပွားသည့် နာမကျန်းဖြစ်ပွားသူ ၄၄ ဦးကို အရေးပေါ်ဆေးကုသမှုပြုခဲ့ရကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



# လာအိုမှ ဗီယက်နမ်သို့ ဘိန်းဖြူများ မှောင်ခိုသွင်းသူ သုံးဦးအား ဖမ်းဆီး

**ဟနွိုင်း ဇန်နဝါရီ ၂၄**

လာအိုနှင့် ဗီယက်နမ်နယ်စပ်ကို ဖြတ်ကျော်၍ ဗီယက်နမ်နိုင်ငံတွင်းသို့ ဘိန်းဖြူအခဲ ၁၂၀ ကို သယ်ဆောင်လာသည့် ဗီယက်နမ်နိုင်ငံသား သုံးဦးကို နိုင်ငံအလယ်ပိုင်း ဟာတင့်ပြည်နယ် နယ်ခြားစောင့်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့က ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဇန်နဝါရီ ၂၃ ရက်က ဟာတင့်ပြည်နယ် ကူတာအိုအပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်တွင် သင်္ကာမကင်းဖွယ်ရာ မော်တော်ယာဉ် တစ်စီးကို ဗီယက်နမ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေရာ ဟင်းရွက်စည်းများအတွင်းတွင် သိုဝှက်လာသည့် ဘိန်းဖြူခဲများအား ရှာဖွေတွေ့ရှိခဲ့သည့်အတွက် ၎င်းတို့အား ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အွန်လိုင်းသတင်းစာမျက်နှာ တစ်ခုတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ဥပဒေအရ အလေးချိန် ဂရမ် ၆၀၀ ရှိသည့် ဘိန်းဖြူ သို့မဟုတ် မက်အဖက် တမင်းအလေးချိန် ၂ ဒသမ ၅ ဂရမ် ထက်ပိုမို၍ တရားမဝင် သယ်ဆောင်ခြင်း ကျူးလွန်ပါက သေဒဏ်အထိ ပြစ်ဒဏ်ပေးနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရောဝတီတိုင်းဒေသကြီးအတွင်း ငမြှောင်တောင်ဖျက်ပိုးကျရောက်မှု စုပေါင်းနှိမ်နင်းလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရောဝတီတိုင်းဒေသကြီးအတွင်း ငမြှောင်တောင်ဖျက်ပိုး Fall Army Worm (FAW) ကျရောက်လျက်ရှိသော ဧရိယာများတွင် ကောင်းကင်ဆေးဖျန်းစက်များဖြင့် ဆေးပက်ဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြန့်ပွားမှုအမြန်ဆုံး ဖော+ငမြှောင်တောင် ပိုးကျရောက်မှုမှာ ရောဝတီတိုင်းဒေသကြီးအတွင်း၌ အများဆုံးဖြစ်နေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆေးဖျန်းပုံးများ ကူညီပံ့ပိုးပေးကာ ဆေးများကို ကုမ္ပဏီအချို့က ကူညီပေးလျက်ရှိကြောင်း သိရသည်။

“ကာကွယ် နှိမ်နင်းဖို့အတွက် တောင်သူတွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ယခုကျနေတဲ့ ဖော+ငမြှောင်တောင်ပိုးက အိန္ဒိယတို့၊ ဘင်္ဂလားဒေ့ရှ်တို့မှာ ၂၀၁၆ ခုနှစ်လောက်ကတည်းက ကျရောက်ခဲ့တာပါ။ ဒီနှစ်မှ မြန်မာနိုင်ငံဘက်ကို ကူးလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလလယ်လောက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ဘက်မှာ ဖော+ ငမြှောင်တောင်ပိုးများ ကျရောက်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဧက တစ်သိန်းကျော်မှာ ကျရောက်နေပါတယ်။ အခုကျရောက်နေတဲ့ ဖော+ ငမြှောင်တောင်ပိုးက ပြောင်းပင်တွေမှာပဲ ကျရောက်တာကို တွေ့ရပါတယ်။ ဖျက်ဆီးနိုင်တဲ့ စွမ်းအားကလည်း အရင်ကျရောက်ဖူးတဲ့ ငမြှောင်တောင်ပိုးတွေထက် ပိုမြန်တယ်။ သူ့ကို အမြစ်ပြတ်ဖြေရှင်းနိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး ”ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှစ၍ ရောဝတီတိုင်းဒေသကြီးအတွင်း ပြောင်းစိုက်ဧရိယာ ၁၄၂၁၂၀ ဧကအနက် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်ရှိ မြို့နယ် ၁၅ မြို့နယ်တွင် ၁၃၆၀၁၃ ဧကတွင် ပိုးများတွေ့ရှိခဲ့ပြီး ၄၄၀၉၂ ဧကမှာ စီးပွားရေးအရ ထိခိုက်သော အဆင့်တွင် ရှိနေရာ ယနေ့အထိ ထိခိုက်ဧရိယာ ၈၈၈၈ ဧက ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါမြို့နယ်များတွင် ဓာတုပိုးသတ်ဆေးပက်ဖျန်းခြင်းလုပ်ငန်း ပိုမိုထိရောက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံဆောင်ရွက်ပေးမှုဖြင့် AAE ကုမ္ပဏီမှ ထိုင်းနိုင်ငံ၌ သီးနှံများ ဆေးဖျန်းကာကွယ်ခြင်း လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဒရုန်းဆေးဖျန်းစက်များဖြင့် တစ်နေ့လျှင် ဧက ၈၀ မှ ၁၀၀ အကြား ပက်ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးသော ကျောပိုးဆေးဖျန်းစက် အလုံး ၅၀၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)ကပံ့ပိုးသော ကျောပိုးဆေးဖျန်းစက် အလုံး ၁၀၀၊ AAE ကုမ္ပဏီက ပံ့ပိုးကူညီသော ဒရုန်းဆေးဖျန်းစက် လေးစင်း၊ MAPCO ကုမ္ပဏီက ပံ့ပိုးကူညီသော ဒရုန်းဆေးဖျန်းစက်တစ်စင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးသော ဓာတုပိုးသတ်ဆေး ဧက ၂၀၀၀ စာ၊ တိုင်းဒေသကြီး



အစိုးရအဖွဲ့က ပံ့ပိုးသော ဓာတုပိုးသတ်ဆေး ဧက ၂၀၀ စာ၊ မြန်မာ့သြဘာ လုပ်ငန်းစု ကုမ္ပဏီကပံ့ပိုးသော ဓာတုပိုးသတ်ဆေးများကို ထောက်ပံ့ကူညီပေးကာ ဖော+ ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ဇွဲဇွဲ**

# ငမြှောင်တောင်ပိုး ကျရောက်မှု ကာကွယ်မှုနည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်းနှင့် ကောက်ယူဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိ

**ဝါးခယ်မ ဇန်နဝါရီ ၂၄**

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ကျေးရွာများရှိ ပြောင်းစိုက်ခင်းများတွင် (FAW) ငမြှောင်တောင်ပိုးများ ကျရောက်နေမှုများကို တောင်သူများအနေဖြင့် ကာကွယ်မှုနည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်းနှင့် ကောက်ယူဖျက်ဆီးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက သဲကုန်းကျေးရွာမှ တောင်သူ ဦးလှခိုင်၏ ကွင်းအမှတ် ၁၀၀၃/၁၅၇၀ ၌ ကောက်ယူဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ယင်းသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးချစ်ကိုနိုင်နှင့် ဝန်ထမ်းများ၊ သဲကုန်းကျေးရွာရှိ တောင်သူလယ်သမားများ စုပေါင်းပြီး (FAW) ငမြှောင်တောင်ပိုး ကျရောက်နေမှုများကို အလှည့်ကျ စုပေါင်း ကောက်ယူဖျက်ဆီးခဲ့ကြောင်း၊ တောင်သူများကို အသိပညာပေး ဆောင်ရွက်ရာတွင် ဆေးဖျန်းနည်းစနစ်၊ ပိုးသတ်ဆေးအုပ်စု၊ ဆေးသုံးစွဲနှုန်းထားမှန်ကန်ရေးနှင့် လိုအပ်သောနည်းပညာပံ့ပိုးမှုများ ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ ကျေးရွာအုပ်စု ၂၅ အုပ်စုတွင် အစေ့ထုတ်ပြောင်းနှင့် အထူးစား ပြောင်းစိုက်ဧက ၄၀၀၀ ကျော်ရှိပြီး ဧက ၂၂၀၀ ကျော်၌ (FAW) ငမြှောင်တောင်ပိုးများ ကျရောက်ခဲ့ကြောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် အဆိုပါကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး အသိပညာပေးမှုများနှင့် နည်းပညာအကူအညီများ၊ ကောက်ယူဖျက်ဆီးခြင်း လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အားကစားသတင်း

# ရာဖေးလ်နာဒယ် ဩစတြေးလျအိုးပင်းဗိုလ်လုပွဲ တက်လှမ်း

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဂရိလူငယ်တင်းနစ်ကစားသမား စီစီပက်ကို အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်အတွက်တော့ အခုလို ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဟာ ငါးကြိမ်ရှိခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိပြီးဖြစ်တဲ့ ရာဖေးလ်နာဒယ်ဟာ အဆင့် ၁၄ နေရာမှာ ရပ်တည်နေတဲ့ အသက် ၂၀ အရွယ် စီစီပက်ကို တစ်နာရီနဲ့ ၄၆ မိနစ်ကြာ အကြိတ်အနယ်ကစားပြီး ၆-၂၊ ၆-၄၊ ၆-၀ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ စီစီပက်ကို အနိုင်ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တင်းနစ်လောကရဲ့နာမည်ကြီး ကစားသမားတစ်ဦးဖြစ်တဲ့ ဂျိုကိုဗစ် ဒါမှမဟုတ် ပြင်သစ်တင်းနစ်ကစားသမား လူးကတ်ပူအီလီနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာဖြစ်ပါတယ်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့နောက်ဆုံး ဗိုလ်လုပွဲစဉ်ကိုတော့ တနင်္ဂနွေနေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ ရာဖေးလ်နာဒယ်ဟာ ပြီးခဲ့တဲ့နှစ်က အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ဆီမီးဖိုင်နယ်အဆင့်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် အနားယူခဲ့ရတာဖြစ်ပြီး အခုဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဟာ သူ့ရဲ့ပထမဆုံးပြန်လည်ကစားခွင့်ရရှိခဲ့တဲ့ပြိုင်ပွဲလည်းဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်အနေနဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ၂၀၀၉ ခုနှစ်က တစ်ကြိမ်ချန်ပီယံဖြစ်ခဲ့ပြီး ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံ ၁၁ ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်နဲ့ အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံသုံးကြိမ် အသီးသီး ရရှိထားခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

“ရွှေပင်နားမှ ရွှေကျေး”
ဂုဏ်ထူးဦးသိန်းနိုင်
● ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
● ပညာရေးဘော်ဒါ (၈၊ ၉၊ ၁၀ တန်းများသာ)

မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
စံပြုအပ်သော အတန်းများဖြစ်သည်။
ကျောင်းပျော်ရေး၊ ပေါင်းသင်းဆက်ဆံရေးကိုမဏ္ဍိုင်ပြုသည့်
ကောင်းမြတ်သည့် အပြုအမူ၊ အလေ့အထကောင်း လေ့ကျင့်ပေးသည်။
ခေတ်မီသင်ကြားရေးကို သုံးသည်။
အင်္ဂလိပ်စကား အခြေခံနိုင်နင်းရေး၊
ပန်းချီ၊ဂီတ၊ကစားခုန်စားတို့နှင့် ပြည့်စုံစေသည်။

အလယ်တန်းအတွက် အထူးအစီအစဉ်
ခေတ်အမီဆုံးနည်းများဖြင့်သာ လေ့ကျင့်ပြီး
ဆရာ၊ ဆရာမတို့က အပျက်အကွက်မရှိ သင်ကြားသည်။
ကွန်ပျူတာ၊ သီပွဲလက်တွေ့၊ အင်္ဂလိပ်စာ 4 kills၊
ဂီတ၊ ပန်းချီအစုံအလင် ...

(၁) စည်းကမ်းကို တန်ဘိုးထား လိုက်နာသူတိုင်း လူချွန်လူကောင်းဖြစ်စေရမည်။
(၂) ပညာရည်တိုးတက်မှုအစီရင်ခံစာကို လစဉ်ပေးပို့၍ ညှိနှိုင်းတိုင်ပင်ကြသည်။
(၃) ကြော်ငြာထားသော ဆရာကြီးများအားလုံး နှစ်စ နှစ်ဆုံး အပျက်အကွက်မရှိ သင်ကြားကြောင်း အာမခံစာချုပ်ချုပ်ပေးသည်။ ဝါရင့်လက်ထောက် ဆရာ၊ဆရာမများစွာ Study Guide ဆရာပေါင်းများစွာ အထူးပါဝင်အားဖြည့်ထားသည်။ တပည့်ဝဟိုပြုသင်ကြားနည်းကို သုံးသည်။
(၄) စာသင်ခန်းအတွင်းမှာပင် အပြီးတိုင် နားလည် ကျွမ်းကျင်စေသည်။
(၅) အကြောက်တရားဖြင့် အုပ်ချုပ်ခြင်းမဟုတ်၊ အသိတရားဖြင့် နွေးထွေးလှိုက်လှဲစွာ မေတ္တာဖြင့်အုပ်ချုပ်သည်။
(၆) ပညာထီးစန်းရိပ်တွင် ခိုလှုံသူတပည့်တိုင်း၏ လိုအပ်ချက်ကို စောင့်ကြည့်အကဲဖြတ်၍ လိုသမျှဖြည့်စွက်ပေးပြီး ငြိမ်းချမ်းပျော်ရွှင်စေသည်။
(၇) အဆောင်နေတပည့်တို့ကို သားသမီးများအဖြစ် လက်ခံကာ လိုလေသေးမရှိအောင် ဘက်ပေါင်းစုံမှ စောင့်ရှောက်သည်။ ကိုယ်ရော စိတ်ပါ ကျန်းမာ ချမ်းသာစေသည်။
(၈) ဘော်ဒါနေ ကျောင်းသား၊ကျောင်းသူများအတွက် အဆင့်မြင့်နေထိုင်ရေး ခံတွင်းအတွေ့ဆုံးကိုယ်တိုင်ချက် နံနက်စာ၊ နေ့ ည ထမင်း ဟင်း။ လေ့ကျင့်သင်ကြားရေး အထပ်ထပ် ကိုယ်တိုင်လာရောက်လေ့လာပါ။
(၉) ကျပန်းစကား၊ ဟောပြောပွဲ၊ စကားရည်လုပွဲတို့ဖြင့် လူတလုံး သူတလုံးဖြစ်အောင် လေ့ကျင့်ပေးသည်။

၁၉၉၃ ခုနှစ်ကတည်းက ယနေ့ထိ အစဉ်တစိုက်သင်ကြားပြီး အအောင်မြင်ဆုံးဖြစ်ခဲ့သည်မှာ တစ်နိုင်ငံလုံး အသိပင်။

SKY NET ရုပ်သံ
တက္ကသိုလ်ဝင်တန်း သင်ခန်းစာများကို (၅)နှစ်တိုင်တိုင် ပို့ချနေကြသော Brand Brain Study Camp ပဋ္ဌမအကြိမ်ထိ တောက်လျှောက်ပို့ချခဲ့ကြသော ဆရာ၊ဆရာမများသာ ဤကျောင်း၌ သင်ကြားကြသည်။

◆ မြန်မာစာ – ဂုဏ်ထူးဦးသိန်းနိုင်
◆ အင်္ဂလိပ်စာ – ဆရာနေအုပ်(စိန်ပေါလ်)
– ဂုဏ်ထူးဦးအောင်ခိုင်
◆ သင်္ချာ – ဒေါက်တာညီညီ(Ph.D)
◆ ရူပဗေဒ – ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဓာတုဗေဒ – ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
– ဆရာ ဇော်လင်းအောင်
◆ ဇီဝဗေဒ – ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
◆ ဘောဂဗေဒ – စိုင်းစိန်မြင့်အောင်

အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)

အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
တစီစာကုံးတန်းများ
၈၊ ၉၊ ၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။

ကျောင်းသားသစ် လက်ခံပြီ

အ.ထ.က
နွေဒသမတန်း
မတ်လ (၇) ရက် ဖွင့်မည်။

အ.ထ.က အတန်းစုံ
ဧပြီလ (၂၇) ရက် ဖွင့်မည်။

● မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဣန္ဒြီတံအိမ်ရာ၊ (ORANGE SUPER MART) နှင့်ကပ်လျက် ရွှေနားပန်ဘုရားလမ်း၊ ဝေယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၄၀၀၀၄၅၂၄၁၉၊ ၀၉ ၄ ၂၀၃၀၇၂၇၊ ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၅၆၇၆ ၂၈၄၅

## အွန်လိုင်းစနစ်ဖြင့် ယာဉ်စစ်ရက်ချိန်းရယူခြင်းကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ဖျက်သိမ်းထား

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မှတ်ပုံတင်ယာဉ် မှန်ကန်ခြင်း ရှိ၊ မရှိ ယာဉ်စစ်ရက်ချိန်းရယူခြင်း(Online Booking System)ကို ကျင့်သုံးလျက်ရှိရာ မသမာသူများ မမှန်မကန်ပြုလုပ် ငွေကြေးတောင်းခံမှုများရှိနေသည့်အတွက် အဆိုပါ အွန်လိုင်းစနစ်ကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ဖျက်သိမ်းထားကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

Online Booking စနစ်ကျင့်သုံးရာတွင် မသမာသူလူတစ်စုက မမှန်မကန်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် အမှန်တကယ်မရှိသည့် ယာဉ်အမှတ်များကို ကြိုတင်စာရင်းပေးသွင်းထားပြီး ဌာနမှခွင့်ပြု ယာဉ်စီးရေ ပြည့်သွားချိန်တွင် အမှန်တကယ် စစ်ဆေးလိုသော ယာဉ်ပိုင်ရှင်များထံမှ အခကြေးငွေတောင်းခံရယူ၍ ၎င်းတို့ ကြိုတင် Booking လုပ်ထားသည့်နေရာတွင် အမှန်တကယ် ယာဉ်စစ်ဆေးလိုသည့် ယာဉ်အမှတ်များကို အစားထိုးပြောင်းလဲကာ ရက်ချိန်းရယူပေးနေသည်ကို တွေ့ရှိရသဖြင့် အဆိုပါ အွန်လိုင်းစနစ်ကို ပိတ်သိမ်းရခြင်းဖြစ်ကြောင်း သိရသည်။

Online Booking System စနစ်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်ရုံးအသီးသီးတွင် ၂၀-၈-၂၀၁၈ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၁-၁၀-၂၀၁၈ ရက်မှစတင်၍ လည်းကောင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အွန်လိုင်းစနစ် စတင်ကျင့်သုံးချိန်တွင် လုပ်ငန်းဆောင်ရွက်သူများအား အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကြိုတင်ရက်ချိန်းရယူထားသည့် ယာဉ်စီးရေ ၆၀ ရာခိုင်နှုန်းခန့်ကသာ အမှန်တကယ် လုပ်ငန်းလာရောက်ဆောင်ရွက်ပြီး ကျန် ၄၀ ရာခိုင်နှုန်းမှာ လာရောက်ဆောင်ရွက်ခြင်းမရှိဘဲ ရက်ချိန်းများရယူထားသဖြင့် အမှန်တကယ် လုပ်ငန်းဆောင်ရွက်လိုသူများအတွက် နစ်နာမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များရှိနေသဖြင့် မသမာသူများ မမှန်မကန် ငွေကြေးတောင်းခံမှုများ မပြုလုပ်နိုင်ရန်နှင့် အမှန်တကယ် လုပ်ငန်းဆောင်ရွက်သူပြည်သူများ အဆင်ပြေစေရန်အတွက် ယာဉ်စစ်ရက်ချိန်းရယူခြင်း အွန်လိုင်းစနစ်ကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ဖျက်သိမ်းထားကြောင်းနှင့် ယာဉ်စစ်ရက်ချိန်းရယူထားသူများအနေဖြင့် ရက်ချိန်းပြန်လည် ပယ်ဖျက်ပေးမည်မဟုတ်ဘဲ ပျက်ကွက်မှုရှိပါက နှစ်လအတွင်း နောက်ထပ်ရက်ချိန်းရယူ၍မရအောင် ပိတ်တားစာရင်းသွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **ဟန်လင်းနိုင်**

## ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း(ယခု လက်ထောက်ညွှန်ကြားရေးမှူး လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ၊ သဲကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့နေ နစ်နာသူတို့က သဲကုန်းမြို့နယ်၊ အင်းမမြို့ သီရိကန်သာရပ်ကွက်ရှိ အုတ်လုပ်ငန်းရှင်များထံမှ အုတ်ထုတ်လုပ်မှုအတွက် ငွေများကောက်ယူပြီး လိုင်စင်ထုတ်မပေးဘဲ ကိုယ်ကျိုးရယူသုံးစွဲနေသည့် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းအား အရေးယူပေးပါရန် ဤကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ခေတ်သတ္တုထုတ်လုပ်ခွင့်လုပ်ငန်းလိုင်စင် ပြုလုပ်ရန်အတွက် မြေစာရင်းပုံစံ (၁၀၅)/(၁၀၆) ရရှိရေး ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်သည် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော ငွေကျပ် ၆၅၀၀၀၀/-ကို လက်ခံရယူခဲ့ခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလွင်မင်းသည် မြေနီလုပ်ငန်းရှင်ထံမှ ငွေကျပ် ၃၇ သိန်းကို လက်ခံရယူခဲ့ခြင်းနှင့် ၂၀၁၇-၂၀၁၈ အုတ်ဖုတ်ရာသီအတွင်း လိုင်စင်လျှောက်ထားသူလုပ်ငန်းရှင်များထံမှ ခေတ်သတ္တုခွန်အဖြစ် ဥပဒေနှင့်အညီရထိုက်ခွင့်မရှိသော ငွေကျပ် ၂၂၄၄၀၀၀/-ကို ရယူခဲ့ခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှသည် ၂၀၁၇-၂၀၁၈ အုတ်ဖုတ်ရာသီအတွင်း လိုင်စင်လျှောက်ထားသူ လုပ်ငန်းရှင်များထံမှ ကောက်ခံရရှိငွေများအနက် ငွေကျပ် (၈)သိန်းနှင့် ၂၀၁၈ ခုနှစ်အတွင်း ကွင်းဆင်းကောက်ခံရာမှ ရရှိငွေကျပ် (၄)သိန်းတို့အား ရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားကြခြင်းဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်ဇော်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ သဲကုန်းမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် အထက်ပုဇွန်တောင်လမ်းရှိ Comet ဟိုတယ် အခန်းအမှတ်(၃၀၅)ကိုရှာဖွေရာ လှမျိုးခိုင်၊ ဟိန်းကိုလွင်၊ သူရိန်စိုးနှင့် ဉာဏ်လင်းအောင် (ခ)ဖိုးချမ်းတို့အား တွေ့ရှိရပြီး ၎င်းတို့ထိုင်နေသည့် နေရာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၄ ပြား၊ အိုက်စ် ၁၅ ဂရမ်၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲများကျင်းပ

**မုံးကိုး**

ရှမ်းပြည်နယ် မုံးကိုးမြို့ ဖောင်းဆိုင်ကျေးရွာ မူလတန်းလွန်ကျောင်းကွင်းပြင်၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပြီး မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူးက လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**လှိုင်းဘွဲ့**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

**မြစ်သား**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

**ဆော**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲသို့ ဆောမြို့ အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ တို့ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခိုင်ဇာဝင်းတို့က ဆုများချီးမြှင့်ကြသည်။ **စိန်ကျော်**

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်သို့ သွားရောက်ပြီး ဓာတုကင်းလွတ်စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များနှင့် အအေးခန်းထုပ်ပိုးစက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီး ဦးဟန်ထွန်းသည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်ရှိ ညောင်နှစ်ပင် စိုက်ကွင်းခန်းမ၌ ဇုန်ကော်မတီ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အသစ်ဖွဲ့စည်းလိုက်သော ဇုန်ကော်မတီအဖွဲ့အား ညောင်နှစ်ပင်အထူးဇုန်ကြီး၏ ရည်မှန်းချက်ပါအတိုင်း တိုးတက်အောင်မြင်အောင် ဇုန်ကော်မတီနှင့် လုပ်ငန်းရှင်များက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုလက်ရှိဇုန်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက်သွားရန်နှင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဇုန်ကော်မတီ အချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေး အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၏ စိုက်ခင်းများမှ ထွက်ရှိသည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များနှင့် အအေးခန်း ထုပ်ပိုးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုသည်။



ညောင်နှစ်ပင် စိုက်ပျိုးရေးအထူးဇုန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ၂၉၃ ဒသမ ၁၄ ဧက တွင် စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအဖွဲ့မှ ဧက ၁၀၀ ပေါ်တွင် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိပြီး နေ့စဉ်ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ရန်ကုန်မြို့အတွင်းရှိ ဈေး ၄၈ ဈေးနှင့် စီးတီးမတ်ဆိုင်များသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့အတူ စိုက်ပျိုးရေးဦးစီးဌာနမှ ညောင်နှစ်ပင်ခြံတွင် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များ တောင်သူများစိုက်ပျိုးနိုင်ရန် စိုက်ခင်းစိုက်ကွက်များဖြင့် တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီသီမင်း**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (ဖြူးနယ်မြေကျောင်းခွဲ) မှ ကျောင်းသား ကျောင်းသူများ လယ်ယာကဏ္ဍလေ့လာ

**သနပ်ပင် ဇန်နဝါရီ ၂၄**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် လယ်ယာသီးနှံပညာအထူးပြုနောက်ဆုံးနှစ် (ဖြူးနယ်မြေကျောင်းခွဲ) မှ ကျောင်းသား ကျောင်းသူများသည် ဇန်နဝါရီ ၂၁ ရက်က ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဆောင်ရွက်ထားမှုများကို ကွင်းဆင်းလေ့လာကြသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးအစည်းအဝေးခန်းမ၌ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက လယ်ယာကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြေ၊ မျိုး၊ ပိုး၊ ဓာတ်ခွဲခန်းများတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို သွားရောက်လေ့လာကာ သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးကျောင်းသား ကျောင်းသူများသည် သနပ်ပင်မြို့နယ်ရှိ နွေစပါးစံပြစိုက်ခင်းများ ဆောင်ရွက်ထားရှိမှုကို သွားရောက်လေ့လာရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်က လိုက်လံရှင်းပြသည်။ အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကျောင်းသား ကျောင်းသူ ၉၀ ပါရှိကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများငှားရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ငှားရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှားရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် သုစာရိတ္တဓမ္မာရုံ ဥက္ကဋ္ဌ ဦးစိန်ဝင်းဦးဆောင်သောအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၃) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်စာရေးတံမဲ ဖောက်လှူပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက သုစာရိတ္တဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြန်မာနှင့် အမေရိကန် ရိုးရာအစားအစာများ ဝန်ကြီးများရုံး ညဈေးတန်းပွဲတော်၌ စုံလင်စွာ ခင်းကျင်းပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ညဈေးတန်းပွဲတော်ကို သိမ်ဖြူလမ်း ဝန်ကြီးများရုံး၌ ဖေဖော်ဝါရီ၁၁ ရက်နှင့်၁၂ရက်(ပြည်ထောင်စုနေ့)တွင် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနှင့် အမေရိကန်နိုင်ငံရှိ ရိုးရာအစားအစာများ စုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြည်သူများအနေဖြင့် ထူးခြားသည့် အစားအသောက်များကို သုံးဆောင်နိုင်ကြမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍများကိုလည်းမြှင့်တင်ရာရောက်စေမည်ဖြစ်ကြောင်း Night Fest at the Secretariat (ညဈေးတန်းပွဲတော်) အား စီစဉ်သော ဦးမြင့်လွင်က ပြောသည်။ အမေရိကန်နိုင်ငံဘက်မှ အကောင်းဆုံးအစားအစာများဖြစ်သော Hard Rock Cafe၊ Krispy Kreme၊ Eldorado၊ Bonchon Myanmar နှင့် Pezzo Pizza အစားအစာများအပါအဝင် မြန်မာနိုင်ငံဘက်မှ ရိုးရာအစားအစာများအား တစ်နေရာတည်းတွင် စုံလင်စွာခင်းကျင်းပြသထားမည်ဖြစ်ပြီး ပွဲတော်၌ စားသောက်ဆိုင်ခန်းပေါင်း ၄၀ ကျော် ခင်းကျင်းပြသထားမည်ဖြစ်ကာ မြန်မာ့ရိုးရာအစားအစာများဖြစ်သော ရှမ်းရွှေတောင် မြန်မာ့ရိုးရာလက်ဖက်၊ ကဏန်းကြော်၊ခရမ်းသီးမီးဖုတ်သုပ်၊ ဆတ်သားခြောက်ဖုတ်၊ မြန်မာ့ထန်းလျက်အမှုန့်နှင့် စည်သွတ်မုန့်ဟင်းခါးများအပါအဝင် ဒေသထွက်အစားအစာများကို စုံလင်စွာခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်လာပြည်သူများအတွက် မြန်မာနိုင်ငံဘက်မှ မြန်မာ့ရိုးရာဆီမီးခွက်အကနှင့် ရုပ်သေးအကများအပါအဝင် အနုပညာရှင်များက တေးဂီတများဖြင့်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး အမေရိကန်နိုင်ငံမှနိုင်ငံကျော်အနုပညာရှင်များကလည်း Hard Rock Music Band နှင့်အတူ Juzz music များကိုပါ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်၍ ဝင်ခွင့်လက်မှတ်များအား ညဈေးတန်းပွဲတော်၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဝယ်ယူနိုင်ကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်ခဲ့သည့် ညဈေးတန်းပွဲတော် စည်ကားနေသည်ကို လွတ်လပ်ရေးနေ့ ညပိုင်းက တွေ့ရစဉ်။

## တိုတိုထွာထွာဖတ်စရာ

### လူဦးရေစာရင်းကောက်ယူမှု ကွင်းဆင်းဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ပွဲကို မတ် ၃၁ ရက်တွင် အပြီး ကျင်းပမည်ဖြစ်သည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ပွဲအတွက် ဆန္ဒမဲပေးခွင့်ရှိသော အသက် ၁၈ နှစ်ပြည့်ပြီးသူ လူဦးရေစာရင်း ကောက်ခံထားရှိမှုအခြေအနေများကို မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

### မှုခင်းအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ၁၈ ရက် နံနက် ၁၀ နာရီက မြောက်ဥက္ကလာပမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်မင်းခိုင်နှင့်တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ဆန်း**

### သီပေါမြို့ သန့်ရှင်းသာယာလှပရေး အမှိုက်ကောက်

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ကြက်ခြေနီမောင်မယ်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပန်းထိမ်တောင်ရပ် လူငယ်ပရဟိတလူမှုရေးအဖွဲ့ဝင်အင်အား ၁၀၀ ကျော်တို့သည် ဇန်နဝါရီ ၂၃ ရက်က မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး ဝဲ၊ ယာတစ်လျှောက်တို့တွင်လည်းကောင်း၊ အောင်မင်္ဂလာ ဘိုးတော်ဘုန်းတော်ကြီးကျောင်းတိုက်၌လည်းကောင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကောက်ယူရရှိသည့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာန အမှိုက်သိမ်းယာဉ်များဖြင့် မြို့ပြင်အမှိုက်စွန့်ပစ်ရာသို့ သယ်ဆောင်မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### ဝေါတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ဝေါ ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ဝေါမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်မွန်းလွဲ ၁ နာရီက ဖက္ကလိပ်ကျေးရွာ အလကကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာသိကောင်းစရာများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဝေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိမာဟိန်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းနိုင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူ အခွင့်အရေးများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဆောက်လုပ်ရေးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေး ဦးစားပေးလုပ်ဆောင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြည်တွင်းတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် ဆောက်လုပ်ရေးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး မြန်မာနိုင်ငံရှိ ဥရောပကုန်သည်များအဖွဲ့အစည်းက ဦးစားပေးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် Grand Mecure Yangon ဟိုတယ်တွင် ကျင်းပသည့် Euro Cham Construction Forum 2019 အခမ်းအနားမှ သိရသည်။

"အခုလို Work Shop တွေ၊ Seminer တွေ၊ ဖိုရမ်တွေ များများကျင်းပနိုင်မှ မြန်မာနိုင်ငံရဲ့ လက်ရှိဆောက်လုပ်ရေးကဏ္ဍအသီးသီးကို နိုင်ငံတကာက ပညာရှင်တွေ သိမယ်၊ ဆွေးနွေးမယ်။ ပြီးတော့ သူတို့ကနေတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေမှာ မြန်မာနိုင်ငံရဲ့ဆောက်လုပ်ရေးကဏ္ဍတွေကို ဆွေးနွေးမျှဝေရင်းနဲ့ ပိုမိုသိရှိလာပြီး ရင်းနှီးမြှုပ်နှံသူတွေက စိတ်ဝင်စားလာကြမှာပါ။ ဒါ့အပြင် ပြည်တွင်း၊ ပြည်ပ ဆောက်လုပ်ရေးအသိုင်းအဝိုင်းနဲ့ လက်တွေ့နယ်ပယ်အသီးသီးက ပညာရှင်တွေတွေ့ဆုံပြီး အခုလို ဖိုရမ်ကျင်းပတာဟာ မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇော်မြင့်က ပြောကြားသည်။

ယခုအခါတွင် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာသွားလာနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မြို့ပြတ်ရထားစနစ်များကောင်းမွန်လာရေး၊ မိုးပျံကားလမ်းများဖြစ်ပေါ်လာစေရေးနှင့် သွားလာရေးကောင်းမွန်ရန် အထူးလိုအပ်ကြောင်း၊ ယင်းအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်လိုအပ်ကြောင်း၊ ပြည်ပနည်းပညာကုမ္ပဏီကြီးများ လာရောက်ရင်းနှီးမြှုပ်နှံလာစေရန် အကျိုးအမြတ်၊ အခွင့်အလမ်းကောင်းများဖြင့် ဆွဲဆောင်မှုများရှိမှသာ ဝင်ရောက်လာကြမည်ဖြစ်ကြောင်း ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဆွေးနွေးကြသည်။

European Chamber of Commerce in Myan-mar ၏ Executive Director Filip Lauwerysen က "ဥရောပနိုင်ငံတွေက နည်းပညာ တတ်ကျွမ်းသူတွေ၊ ကုမ္ပဏီကြီးတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက လာပြီးတော့ ဒီမြန်မာနိုင်ငံက ဆောက်လုပ်ရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဖိုရမ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌနှင့် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနများမှ အင်ဂျင်နီယာများနှင့် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး၊ အဆောက်အအုံနည်းပညာရှင်များ၊ European Chamber of Commerce in Myanmar မှ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များ၊ တာဝန်ရှိသူများကဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **မြင့်မောင်စိုး**

## အနုပညာသတင်း

# တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် ဟွာဆာ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကေပေ့ါပ်တေးသံရှင် ဟွာဆာဟာ အမျိုးသမီးတေးဂီတအဖွဲ့ "MAMAMOO" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ အဖွဲ့လိုက် တေးသီချင်းတွေ ဖန်တီးခဲ့ပြီးနောက်မှာတော့ သူဟာ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ပရိသတ်ရှေ့ ထွက်ပေါ်လာဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၁ ရက်မှာတော့ ဟွာဆာအနေနဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ကိုပြင်ဆင်နေကြောင်း တရားဝင် ထုတ်ဖော် အသိပေးလာတာ တွေ့ရပါတယ်။ သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အာဘီဒဗလျူကဒီသတင်းတွေကို တရားဝင်အသိပေးခဲ့တာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဟွာဆာရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို လာမယ့် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ သိရပါတယ်။ တေးအယ်လ်ဘမ်ထုတ်လွှင့်မယ့်ရက်နဲ့ တေးအယ်လ်ဘမ်နဲ့ပတ်သက်တဲ့အကြောင်းအရာ အသေးစိတ်ကိုတော့ လတ်တလောအချိန်အထိ မဆုံးဖြတ်ရသေးကြောင်းလည်း သိရပါတယ်။

ဟွာဆာဟာ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် အဖွဲ့နဲ့အတူ ဖျော်ဖြေမှုတွေ ပြုလုပ်ခဲ့သလို အခြားသောတေးသံရှင်တွေနဲ့ တွဲဖက်ကာ ဖျော်ဖြေခဲ့တာကိုလည်း တွေ့ရပါတယ်။ သူ့ရဲ့ ထူးခြားတဲ့ ဖျော်ဖြေတင်ဆက်မှုပုံစံတွေကြောင့် ပရိသတ်တွေရဲ့အသိအမှတ်ပြုမှုကို ခံခဲ့ရသူတစ်ဦးလည်းဖြစ်ပါတယ်။ တစ်ကိုယ်တော် ဖျော်ဖြေခဲ့တာတွေလည်းရှိခဲ့တာ တွေ့ရပါတယ်။ လတ်တလောပြင်ဆင်နေတဲ့ ဟွာဆာရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်မှာတော့ ဘယ်လို သီချင်းအမျိုးအစားတွေ ပါဝင်မှာလဲ၊ ဘယ်လိုတွေ ဖျော်ဖြေတင်ဆက်ထားမလဲ ဆိုတာကတော့ စိတ်ဝင်စားစရာ ဖြစ်လို့နေပါတယ်။

**အေးပြည့်-စုစည်းသည်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။* **(pmwnftzy)**

# အတုယူ၊ အတုပြု၊ ဆန်းသစ်တီထွင်မှုနှင့်ဥပဒေ



**ဒဲမောင်စာဂ**

ယနေ့ခေတ်အချိန်ကာလသည် နည်းပညာခေတ်မှသည် ဆန်းသစ်တီထွင်မှုခေတ်သစ်ဆီသို့ ကူးပြောင်းလျက်ရှိသည့် အခါသမယဖြစ်သည်။ နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆန်းသစ်တီထွင်မှုသည် မြင့်မားလာသည်။ တစ်ဖက်တွင်လည်း အတုယူ၊ အတုပြုလုပ်မှုတွေကလည်း ကြီးထွားလာသည်။ အတုယူ၊ အတုပြု၊ ဆန်းသစ် တီထွင်မှုတို့သည် လူ့ဘောင်အဖွဲ့အစည်း၊ လူ့အသိုက်အဝန်းတို့တွင် တိုးတက်မှုဖြစ်စဉ်အသွင် ဆောင်နေသကဲ့သို့ ဆုတ်ယုတ်မှုဆီသို့လည်း လျော့ကျသွားတတ်သည်ကိုသတိမူမိသည်။ ဤတွင်ပြဋ္ဌာန်းဥပဒေများနှင့် နှိုင်းယှဉ်လေ့လာမိသည်။ မျှဝေပါရစေ။

## တုဟူသည်

အတုဟုဆိုလျှင် အစစ်ဟူသည်ရှိရသည်။ အစစ်ရှိ၍ အတုပေါ်လာရသည်။ အစစ်နှင့်တူအောင် လိုက်၍လုပ်ခြင်းကို အတုခိုးသည်ဟူ၍လည်းကောင်း၊ သူတစ်ပါး၏ အမူအကျင့်နှင့်တူအောင် ပြုလုပ်သည်ကို အတုယူသည်ဟူ၍လည်းကောင်း မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤသည်မှာ ကျင့်ဝတ်စည်းကမ်းပိုင်းနှင့်သက်ဆိုင်သည်။ ကောင်းသောဓလေ့စရိုက်သွင်ပြင်လက္ခဏာများကို အတုယူ၊ အတုခိုးတတ်ကြရမည်။ မကောင်းသောဓလေ့စရိုက် သွင်ပြင်လက္ခဏာများကို အတုယူ၊ အတုခိုးကြခြင်းဖြင့် မိမိတို့ လူ့ဘောင်အဖွဲ့အစည်း၏ ယဉ်ကျေးမှုအမွေအနှစ်တွေ ပျောက်ပျက်သွားလိမ့်မည်ကို သတိပြုကြရပါမည်။

ဥပဒေသဘောတွင် မည်သူမဆို အများပြည်သူကိုသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်သောသူကိုသော်လည်းကောင်း ဆုံးရှုံးခြင်း သို့မဟုတ် နစ်နာခြင်းဖြစ်စေရန် အကြံနှင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားမှုကို ကျူးလွန်ရန် အကြံဖြင့်ဖြစ်စေ မဟုတ်မမှန်သော စာတမ်းအမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပြုလုပ်ခြင်းသည် လိမ်လည်အတုပြုမှုကို ကျူးလွန်သည်ဟူ၍ ရာဇသတ်ကြီးပုဒ်မ ၄၆၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လိမ်လည်အတုပြုမှုများကို တရားစွဲဆိုအရေးယူခြင်း၊ ပြစ်မှုပြစ်ဒဏ်သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မ ၄၆၄ မှ ပုဒ်မ ၄၇၇-က အထိ ပြဋ္ဌာန်းထားသည်။

ထို့ပြင် ကုန်တံဆိပ်လိမ်၊ ပစ္စည်းတံဆိပ်လိမ်နှင့် အခြားတံဆိပ်လိမ် ပြစ်မှုများနှင့်စပ်လျဉ်း၍တရားစွဲဆို အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရာဇသတ်ကြီးပုဒ်မ ၄၇၈ မှ ပုဒ်မ ၄၈၉ အထိပြဋ္ဌာန်းထားရှိပြီး ငွေစက္ကူနှင့်ဘဏ်ငွေလွှဲလက်မှတ်များ အတုပြုလုပ်ခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ တရားစွဲဆိုအရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ရာဇသတ်ကြီးပုဒ်မ ၄၈၉-က မှ ၄၈၉-ဃ အထိ ပြဋ္ဌာန်းထားသည်။

## အထူးဥပဒေများပြဋ္ဌာန်းလာရခြင်း

ရှေးယခင် စာရေးသူတို့အစိုးရအမှုထမ်းဘဝ စတင်ဝင်ရောက်ခဲ့သည့်အချိန်မှစ၍ အနှစ် ၂၀ အနှစ် ၃၀ ခန့်လောက်တွင် လိမ်လည်အတုပြုမှုဟူသည် ရှိခဲ့ပါသည်။ သို့သော် နည်းပါးလွန်းလှသည်။ တွေ့ကြုံခဲ့ရသမျှ လိမ်လည်အတုပြုမှုများတွင် စာချုပ်စာတမ်းများ၊ သက်သေခံစာရွက်စာတမ်းများ၊ လက်မှတ်များ၊ တံဆိပ်တုံးများ လိမ်လည်အတုပြုသည်ကို တွေ့ရသည်။ လူသုံးကုန်ပစ္စည်းများ၊ အစားအစာများနှင့်စပ်လျဉ်း၍ လိမ်လည်အတုပြုမှုများ တွေ့ခဲ့ရသော်လည်း အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက်များကို လိမ်လည်အတုပြုခြင်း မဟုတ်။ ယင်းပစ္စည်း၏ တံဆိပ်၊ ယင်းကုန်၏ကုန်အမှတ်တံဆိပ်တို့ကိုသာ လိမ်လည်အတုပြုခဲ့ကြသည်။ သို့ဖြစ်ရာ အသုံးအဆောင်ပစ္စည်းသည် သုံးစွဲသူတို့အတွက် ထိခိုက်မှုမရှိ၊ အစားအသောက်ပစ္စည်းများသည် စားသုံးသူတို့အတွက် ဘေးမဖြစ်စေသည်ကို တွေ့ရသည်။ ငွေစက္ကူအတုပြုလုပ်သည်ဆိုရာတွင် ရှားရှားပါးပါး တစ်ခါတစ်ရံမှ တွေ့ရတတ်သည်။

နောက်ပိုင်းတွင်မူ လိမ်လည်အတုပြုမှုတွေက များပြားလာသည်။ လူ့အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အိမ်သုံးဆေးဝါးများကို အတုပြုလုပ်ရောင်းဝယ်ဖြန့်ဖြူးလာကြသည်။ ငွေစက္ကူများကို ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ကာ သုံးစွဲခြင်း၊ ဖြန့်ဖြူးခြင်းများ ပြုလုပ်လာကြသည်။ ဤတွင် အရေးကြီးသော ကုန်ပစ္စည်းတစ်ခုချင်းအလိုက် တားဆီးခြင်း၊ အရေးယူခြင်း ပြုလုပ်နိုင်ရန် အထူးဥပဒေများ ပြဋ္ဌာန်းပေးရသည်အထိ ရောက်ရှိလာသည်။

> **လူတို့ နေ့စဉ်စားသောက်နေကြရသည့် နှမ်းဆီ၊ ပဲဆီ၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်မှစ၍ အစစ်ရဖို့ ခဲယဉ်းနေသည်။ ကြက်ဥအတု၊ ဆန်အတုများကို ပြည်ပမှတင်သွင်း၍ ရောင်းဝယ်ဖြန့်ဖြူးလာကြသည်။ စံမမီအစားအသောက်များ၊ ဘေးဥပဒ်ပေးနိုင်သည့် အစားအသောက်များကို ဖန်တီးစီမံလာကြ . . .**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် တစ်ကြိမ်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယင်းဥပဒေကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆၂) ကို ထပ်မံပြဋ္ဌာန်းပေးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ မည်သူမျှ ဗဟိုဘဏ်၏ခွင့်ပြုချက်မရဘဲ ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးပြားတစ်ခုခုကိုဖြတ်တောက်ခြင်း၊ ဗဟိုဘဏ်ကထုတ်ဝေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းတစ်မျိုးမျိုးကို အတုပြုလုပ်ခြင်း၊ အတုကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းများကို မပြုလုပ်ရန် တားမြစ်ထားသည်။ ဖောက်ဖျက်ကျူးလွန်သူကို ကျူးလွန်သောပြစ်မှုအရတရားစွဲဆို၍ သတ်မှတ်ထားသောပြစ်ဒဏ်များ စီရင်ချမှတ်ခြင်းခံရပါမည်။ အများဆုံးပြစ် ဒဏ်သတ်မှတ်ချက်မှာ ထောင်ဒဏ် အနှစ်နှစ်ဆယ်အထိဖြစ်သည်။

## အမျိုးသားဆေးဝါးဥပဒေ

အမျိုးသားဆေးဝါးဥပဒေကို ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၇/၉၂ ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေတွင် မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါး၊ မှတ်ပုံတင်ခေတ္တရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ထားသောဆေးဝါး၊ ဆေးဝါးအတု၊ စံမမီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ရောနှောဆေးဝါး၊ ဘေးဥပဒ်ဖြစ်စေနိုင်သည့်ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသောဆေးဝါး၊ ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိသည့် ဆေးဝါးတို့ကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန် တားမြစ်ထားသည်။ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သူအား ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

## အမျိုးသားအစားအသောက်ဥပဒေ

အမျိုးသားအစားအသောက်ဥပဒေကို ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/၉၇ ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ ပုဒ်မ ၂၂ အရ အောက်ဖော်ပြပါ အစားအသောက်ကိုထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရဟူ၍တားမြစ်ထားသည်-

(က) စားသုံးသူကိုအဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်၊

(ခ) အစားအသောက်၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် အရာဝတ္ထုတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် ရောစပ်ထားသော အစားအသောက်၊

(ဂ) အစားအသောက် ထပ်ဖြည့်ပစ္စည်းကို သတ်မှတ်ချက်ထက် ပိုမိုအသုံးပြုထားသော အစားအသောက်၊

(ဃ) သက်ဆိုင်ရာကသတ်မှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ပစ္စည်းအများဆုံးပါနိုင်ခွင့်ရှိသော ပမာဏထက် ပိုမိုပါရှိသော အစားအသောက်၊

(င) သက်ဆိုင်ရာက တားမြစ်ထားသည့်ပစ္စည်းဖြစ်စေ၊ ခွင့်မပြုသည့်ပစ္စည်းဖြစ်စေ ပါရှိသောအစားအသောက်၊

(စ) ပုပ်သိုးသော၊ ပျက်စီးသော သို့မဟုတ် လူတို့စားသုံးရန်မသင့်လျော်သော ပစ္စည်းပါရှိသည့် အစားအသောက်၊

(ဆ) စံမမီအစားအသောက်၊

(ဇ) အစားအသောက်တွင်မပါဝင်သည့် ဂုဏ်သတ္တိကို အမှတ်တံဆိပ်ပေါ်တွင် လွဲမှားဖော်ပြထားသော အစားအသောက်၊

(ဈ) လိုင်စင်ထုတ်ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက သတ်မှတ်ထားသည့် ဖော်ပြရမည့် အချက်အလက်များ မပါရှိသော အစားအသောက်။

ဖော်ပြပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ပုဒ်မခွဲ (က) မှ (စ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်သူဖြစ်ပါက ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်းနှင့် ပုဒ်မခွဲ (ဆ) မှ (ဈ) အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်သူဖြစ်ပါက ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပုဒ်မ ၂၈ တွင် ပြဋ္ဌာန်းထားသည်။

## ဆန်းသစ်တီထွင်မှု

ဆန်းသစ်တီထွင်မှုသည် အတုပြုလုပ်ခြင်းမဟုတ်ပါ။ မူလကမရှိခဲ့သည်ကို အသစ်အဆန်းစီမံ တီထွင်ဖန်တီးခြင်းဖြစ်သည်။ ဆန်းသစ်တီထွင်မှုကို အားပေးရမည်။ ဆန်းသစ်တီထွင်မှုတွေရှိမှသာ တိုးတက်မှုအသွင်ဆောင်သည်။ ခေတ်မီသည်။ ခေတ်ရှေ့ရောက်သည်ဟု ဆိုကြသည်။ ဆန်းသစ်တီထွင်မှုကိုလည်း ဥပဒေအရ အကာအကွယ်ပေးရမည်။ အတုပြုလုပ်လျှင် ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ကြရမည်။ သူတစ်ပါးတီထွင်ဖန်တီးစီမံထားသည့် ရုပ်ရှင်ကားများ၊ ဗီဒီယိုတိပ်ခွေများကို ဥပဒေနှင့်မညီ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်းများ မပြုနိုင်စေရန် ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများဖြင့် ပြဋ္ဌာန်းပေးထားရသည်။ သူတစ်ပါးတီထွင်ဖန်တီးစီမံထားသည့် မူပိုင်ခွင့်များကို ကာကွယ်ရန်အတွက် နိုင်ငံတိုင်းလိုလို မူပိုင်ခွင့်ဥပဒေတွေ ပြဋ္ဌာန်းပေးကြရသည်။ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေတွေ ပြဋ္ဌာန်းဆောင်ရွက်ကြလျက်ရှိသည်။

## ဖြစ်ပေါ်လာရသည့်အကျိုးရလဒ်

လူတို့ နေ့စဉ်စားသောက်နေကြရသည့် နှမ်းဆီ၊ ပဲဆီ၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်မှစ၍ အစစ်ရဖို့ ခဲယဉ်းနေသည်။ ကြက်ဥအတု၊ ဆန်အတုများကို ပြည်ပမှတင်သွင်း၍ ရောင်းဝယ်ဖြန့်ဖြူးလာကြသည်။ စံမမီအစားအသောက်များ၊ ဘေးဥပဒ်ပေးနိုင်သည့်အစားအသောက်များကို ဖန်တီးစီမံလာကြသည်။ လူတိုင်းသုံးစွဲနေကြရသည့် ဆေးဝါးများကို အတုပြုလုပ်လာကြသည်။ စံမမီသောဆေးဝါးများ ဘေးဥပဒ်ဖြစ်စေနိုင်သော ဆေးဝါးများကို စီမံဖန်တီးထုတ်လုပ် ရောင်းချဖြန့်ဖြူးလာကြသည်။ ဤသည်တို့မှာ စားသုံးသူ၊ သုံးစွဲသူများအတွက် ကျန်းမာရေးချို့တဲ့၊ ဘေးဒုက္ခရောက်၊ အသက်သေစေသည်ထိပင် ရောက်သွားကြရသည်။ ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဖြန့်ဖြူးသူတို့သည် မသိမသာ လူသတ်မှု၊ လူသေမှုများကို ကျူးလွန်သကဲ့သို့ ဖြစ်နေသည်ကို သတိမူကြသင့်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးတို့အတွက် လွန်စွာအရေးကြီးသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူများကို အတုပြုလုပ်၍ သုံးစွဲ၊ ဖြန့်ချိနေကြခြင်းသည် ပြည်သူတစ်ယောက် သာမက ပြည်သူအများကိုပါ ထိခိုက်စေသည်။ နိုင်ငံတော်ကိုလည်း ထိခိုက်စေသည်။ နိုင်ငံတော် စီးပွားရေးကျဆင်းစေသည်။ ပြည်သူတို့ နိုင်ငံတော်အပေါ် အယုံအကြည်ကင်းမဲ့ကာ နိုင်ငံတော်တည်ငြိမ်ရေးကိုပါ ထိခိုက်စေနိုင်သည်။ ရည်ရွယ်ချက်ရှိရှိနှင့် လုပ်ခဲ့လျှင် အတိုင်းမသိ စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဖြစ်စေသည်ကိုလည်း သတိမူကြရမည်။

သူတစ်ပါးဆန်းသစ်တီထွင်မှုကိုလည်း အတုပြုလုပ်ခြင်း၊ ဥပဒေနှင့်မညီဘဲ ပြုမူဆောင်ရွက်ခြင်းတို့သည် သက်ဆိုင်သူ၏ အကျိုးစီးပွားကို ထိခိုက်စေသည်သာမက ဆန်းသစ်တီထွင်ဖန်တီးမှုတွေလျော့နည်းကျဆင်းလာစေနိုင်သည်။ နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှုကို နှေးကွေးစေသည်။ ဤသည်မှာလည်း အလေးထားဆောင်ရွက်ကြရမည့် အချက်ဖြစ်သည်။

ကောင်းသောလုပ်ငန်းဆောင်တာများကို ကောင်းစွာလုပ်ကိုင်၍ ပရိယေသနဝမ်းစာရှာဖွေလုပ်ကိုင် စားသောက်ကြဖြင်းခြင့် ကောင်းကျိုးချမ်းသာများ ရယူနိုင်ကြသည်။ မကောင်းသောလုပ်ငန်း များကို လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြမည်ဆိုလျှင် မကောင်းသောအကုသိုလ်များသာအကျိုးပေးကြပါလိမ့်မည်။ ဤသို့အားဖြင့် အတုယူ၊ အတုပြု၊ဆန်းသစ်တီထွင်မှုများ၏ သဘောသဘာဝနှင့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိကာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လူတိုင်းလူတိုင်း သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ပြည်သူတွေ သက်ရှည်ကျန်းမာဖို့၊ နိုင်ငံတော်တည်ငြိမ်ဖို့၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့၊ တရားဥပဒေစိုးမိုးဖို့ဆိုလျှင် ဤအချက်များကလည်း အရေးပါအရာရောက်သော အခန်းမှာ ပါဝင်နေလျက်ရှိနေကြောင်းပါ။

- ကောင်းသောဓလေ့စရိုက်တွေကိုအတုယူ၊ အတုခိုးနိုင်ကြပါစေ၊
- ပြည်သူအကျိုး၊ နိုင်ငံတော်အကျိုး ထိခိုက်ရာရောက်သည့် အတုပြုမှုတွေ ရှောင်ရှားနိုင်ကြပါစေ၊
- ကောင်းသောဆန်းသစ်တီထွင်မှုတွေ စီမံဖန်တီးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ကြပါစေ။ ။

# ကျေးဇူးအထူးတင်လွှာ

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ရန်ကင်းတောင်၊ မဟာစည်သာသနာ့ရိပ်သာ၊ မြို့ညွန့်ဗိမာန်တော်၌ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁၉)ရက်နေ့တွင် သီတဂူအထူးဓမ္မသဘင်ကို အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့ပါသည်။

၂။ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်၌ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့တွင် မဟာသန္တိကရ ဆုတောင်းပြည့် တပ်ဦးစေတီတော်မြတ်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို ပြည့်စုံအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ဤသို့ အဘက်ဘက်မှပြည့်စုံအောင်မြင်အောင် ဩဝါဒလမ်းညွှန်မျှားချီးမြှောက်တော်မူခဲ့ကြပါသော ကျေးဇူးတော်ရှင် သီတဂူအဓိပတိ ဆရာတော်ကြီးနှင့်သီတဂူဝန်ဆောင်ဆရာတော်များကိုလည်းကောင်း၊ ခန္တီးမြို့နယ်ရှိ ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာလေးများကိုလည်းကောင်း ခြေတော်ဦးခိုက်ကျေးဇူးတင်ရှိခိုးလိုက်ပါသည်ဘုရား။

ထို့ပြင် ပြည့်စုံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှကူညီပံ့ပိုးပေးခဲ့ကြပါသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကလေးမြို့ ဗိုလ်မှူးကြီးရဲကျော်ကျော်-ဒေါ်မို့မို့လွင်၊ ခန္တီးမြို့မှ ဗိုလ်မှူးကြီးမင်းမင်းဦး-ဒေါ်သိန်းမြင့်၊ တပ်ရင်းတပ်ဖွဲ့အရာရှိ အရာခံစစ်သည်တော်များ၊ ရဲမေများနှင့်မိသားစုများ၊ မန္တလေးမြို့ သီရိရွှေစင်သီတဂူဦးအောင်နိုင်ဆွေ-ဒေါ်မြင့်မြင့်နွယ်၊ သီတဂူမှတ်တမ်းတင် ရိုက်ကူးရေးအဖွဲ့ ဦးကျော်ဆန်းဝင်း၊ ဦးထိန်လင်းဦး၊ ခန္တီးမြို့သူ၊ မြို့သားများအားလုံး၊ ခန္တီးမြို့နယ်မှ ကျေးရွာသူ၊ ကျေးရွာသားအားလုံး ခန္တီးမြို့သာသနာရေးဆိုင်ရာ အစိုးရဝန်ထမ်းများ၊ ပညာရေးဆိုင်ရာဆရာ၊ ဆရာမများ၊ တာဝန်ရှိဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ မန္တလေးလေဆိပ်နှင့်ခန္တီးလေဆိပ်တို့မှ မြန်မာ့အမျိုးသားလေကြောင်းဆိုင်ရာမန်နေဂျာကြီးနှင့်တကွ ဝန်ထမ်းများ၊ ဖျော်ဖြေရေးအနုပညာရှင်များ၊ နှစ်ဘက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အမြဲသတိတရ လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရအထူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဘုရားဒါယကာ ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း)-ဘုရားဒါယိကာမ ဒေါ်စုစုလှိုင်၊**
**သမီး-ဘုရားဒါယိကာမ မအေးမာန်ပြည့်(ခ)ပြည့်ပြည်ဖြိုးဟန်**


STRATEGY FIRST

မြန်မာနိုင်ငံရှိ နိုင်ငံတကာစီးပွားရေးဘွဲ့များတွင် Ranking အကောင်းဆုံး



OXFORD BROOKES UNIVERSITY

စီးပွားရေးကို အောင်မြင်စွာ ဦးဆောင်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်မှု

BA (Hons) Business & Management

World Ranking #101-150

ဆယ်တန်း / IGCSE အောင်မြင်ပြီးသူများအတွက် Oxford Brookes University (UK) မှ BA (Hons) Business & Management ဘွဲ့ရရှိမည့် (၃)နှစ်အစီအစဉ်ကို STRATEGY FIRST တွင်ပင် စရိတ်သက်သာစွာဖြင့် မိဘနှင့်မခွဲပဲ ရယူနိုင်မှာဖြစ်ပါတယ်။ Oxford Brookes University သည် QS World's Ranking 2018 စစ်တမ်းအရ Business & Management ဘာသာရပ်သင်ကြားမှုအပိုင်းတွင် ကမ္ဘာ့အဆင့် ၁၀၁ နှင့် ၁၅၀ ကြားရှိသော ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည်။ အောင်မြင်သောစီမံခန့်ခွဲမှု ဘာသာရပ်များကိုစုံလင်စွာ သင်ကြားရမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင် / မန်နေဂျာ တစ်ဦးအဖြစ် ရပ်တည်နိုင်ရန် ပြင်ဆင်မှုများ ရရှိပါမည်။

ဆယ်တန်း / IGCSE အောင်မြင်ပြီးသူများအတွက် ပထမနှစ်တန်းခွဲသစ်ကို ရန်ကုန်တွင်ဖေဖော်ဝါရီလ (၂၅) ရက်နေ့ တန်းခွဲသစ် စမည်။

8, Ground Floor, Panchan Tower, Myaynigone
Sanchaung Township, Yangon, Myanmar.

Call Now: (09) 76543 8000

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.



ကျီးပေါင်းရောဂါအမျိုးမျိုးအတွက်
အောင်ထိပ်တန်း အမှတ်တံဆိပ်
သက်ရင်းကြီး လိမ်းဆေးရည်

ဒူး၊ ခါး၊ ဇက်၊ ဖနောင့်တို့တွင် ဖြစ်သော ကျီးပေါင်းရောဂါအမျိုးမျိုးနှင့် ကျီးပေါင်းရောဂါကြောင့်ဖြစ်သော အာရုံကြောညှပ်ဝေဒနာများ၊ ဒူးနာ၊ ခါးနာ၊ ဖနောင့်နာ၊ ထုံကျင်ညောင်းကိုက်အကြောတင်း၊ အကြောတက်၊ လက်ကာပ်နှင့် လေငန်းစသည့်ရောဂါတို့အတွက်ဆေးကို အသားထဲစိမ့်ဝင်အောင် လိမ်းပေးပါကသက်သာမှု မြန်ဆန်စေပါသည်။

ဖော်ပြပါရောဂါများကို အောက်ပါဆေးခန်းများတွင် ဆရာနှင့်တိုင်ပင်ဆွေးနွေးကုသနိုင်ပါသည်။

ပင်ရင်း အောင်ထိပ်တန်း အရိုးအကြောတိုင်းရင်းဆေးခန်း

အမှတ်(၃၀၇)၊ အခိုင်း(၁)၊ ဗိုလ်ဆိုဒ်(၇)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
အမှတ်(၄၀)၊ မြေညီထပ်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ အကြော်တဲမှတ်တိုင်၊ မ/အုံ၊

၀၉ ၅၁၈၅၁၁၄၊ ၀၉ ၇၃၁၀၃ ၂၈၆၅၊ ၀၉ ၄၂၀၀၄ ၂၆၈၉



ဖျံ-၅-ကောင် အမှတ်တံဆိပ်

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်မှတ်ပုံတင်အမှတ်
တအဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၁၇၅၊ ၃၉၂၉၉



အဲယားကွန်း
အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်သည်။
09 5191361



မော် SEVEN ဝံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲစလုံးဝမယူပါ"၊
09 - 33 333 511
09 - 33 333 514
09 - 33 333 644



ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာရှိ တိုက် (၆)၊ အခန်းအမှတ် (၂၀၃) ဒုတိယထပ်၊ အကျယ်အဝန်း (၇၅၀) စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားလက်ရှိထား ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသော ဦးအောင်ကျော်ဝင်း (၆/ကသန (နိုင်) ၀၀၂၆၅၆) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဘိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုမှုများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးပြတ်အောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးနိုင်ဇာလင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၈၄)

ဦးထက်နိုင်ထွန်းရှိန်
အထက်တန်းရှေ့နေ (စဉ်-၄၂၅၉၈)

အမှတ် (၁၂၈)၊ ပ-ထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၁၈၂၆၅၇၈၄၊ ၀၉ ၅၀ ၉၇ ၁၈၇

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ် (၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီး သူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၉ခုနှစ်၊ **ဇန်နဝါရီလ ၂၃ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၁ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# THE CENTRAL

## WHERE THE FINEST MEET



## INYA LAKE VIEW

### ONLY 9 UNITS LEFT

THE CENTRAL PRESTIGE
YANGON

**HOTLINE**
+959 777 773 770
/THECENTRALYANGON

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

**GALLERY SHOWROOM**
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြိတ်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု




ဒုတိယသမ္မတ ဦးမြင့်ဆွေ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာတွင် ရေငန်ပုစွန်မွေးမြူထားရှိမှုကို ကြည့်ရှုစဉ်။

**မြိတ် ဇန်နဝါရီ ၂၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မွေးမြူရေးလုပ်ငန်းများ၊ သဘော်ာကျင်းလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်း၊ ငါး၊ ပုစွန် အအေးခန်းစက်ရုံ၊ ရော်ဘာစက်ရုံနှင့် သမုတ်-လွတ်လွတ်တံတား တည်ဆောက်ရေးစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဒေါ်လဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ရေနန်းသူဇာရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာသို့သွားရောက်ပြီး ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို စာမျက်နှာ ၄ ကော်လံ ၁ သို့

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးတက်ရောက်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်နိုင်ရေးလုပ်ငန်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက စာရင်းအင်းဥပဒေအရ ကော်မတီကို ၂၀၁၈ ခုနှစ်အတွင်း အဆင့်မြှင့်တင်ဖွဲ့စည်းနိုင်ခဲ့ပြီး စာမျက်နှာ ၆ ကော်လံ ၁ သို့

**ကြေးမုံ သတင်းအညွှန်း**

နယ်ခြားမှတ်တိုင်(၄၁)ရဲကင်းစခန်းအား ပစ်ခတ်ခံရမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား ခေါ်ယူတွေ့ဆုံပြီး သံတမန်စာ ပေးအပ်

စာမျက်နှာ » ၁၁

ဆောက်လုပ်ရေးကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေး ဦးစားပေး လုပ်ဆောင်မည်

စာမျက်နှာ » ၁၆

